၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၂၇၂)

## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်နှင့် ပုပ္ပားတောင်ဝန်းကျင်ဒေသကို တွေ့ရစဉ်။

## မြန်မာ့ပထမဆုံး ဘူမိဥယျာဉ်ဖြစ်သော ပုပ္ပားတောင်ဘူမိဥယျာဉ်၌ ဆောင်ရွက်မည့် ဘူမိအခြေပြုခရီးသွားလုပ်ငန်းကို စတင်အသက်သွင်းရန် ပြင်ဆင်

ရန်ကုန် ဇူလိုင် ၂

မြန်မာ့ပထမဆုံး ဘူမိဥယျာဉ်ဖြစ်သော ပုပ္ပားတောင် ဘူမိဥယျာဉ်၌ ဆောင်ရွက်မည့် ဘူမိအခြေပြု ခရီးသွားလုပ်ငန်းကို စတင်အသက်သွင်းရန်အတွက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းကို လုပ်ကိုင်မည့် မဟာဂီရိ Community Base Geotourism Services မှ ကိုတင်ကိုမင်းက ပြောကြားသည်။

အဆိုပါဘူမိအခြေပြုခရီးသွားလုပ်ငန်းအတွက် ဇူလိုင်လမကုန်မီ Package ရောင်းရန် စီစဉ်ဆောင်ရွက်ထားကြောင်းလည်း မဟာဂီရိ Community Base Geotourism Services မှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ ❍



ပြင်ဦးလွင်ရှိ ကော်ဖီခြံတစ်ခြံအား တွေ့ရစဉ်။

## ပြင်ဦးလွင် ကော်ဖီတောင်သူများ အထွက်နှုန်းကောင်း၍ ဈေးကောင်းရရန်မျှော်လင့်

ရန်ကုန် ဇူလိုင် ၂

မိုးတွင်းကာလတွင် ကော်ဖီစိုက်လုပ်ငန်းရှင်များအတွက် ခြံကိုဦးစားပေးဆောင်ရွက်နေကြပြီး လာမည့်ကာလတွင် ဈေးကောင်းရရှိရန် ဆောင်ရွက်နေကြောင်း ကော်ဖီစိုက် တောင်သူများထံမေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

မိုးရာသီကာလတွင် ကော်ဖီခြံများအတွင်း ပေါင်းနုတ်ခြင်း၊ မြေစာကျွေးခြင်းများကို လက်ရှိတွင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ "မိုးတွင်းကျတော့ ကျွန်တော်တို့က ခြံတွေကိုဂရုစိုက်ရတဲ့အချိန်ပေါ့ဗျာ။ ဒီတော့ မိုးတွင်းမှာတော့ ခြံလုပ်ငန်းက များတယ်။ ပေါင်းနုတ်တာ၊ ပေါင်းရှင်းတာတွေပေါ့။ အစုံပဲ၊ မြေဩဇာ ကျွေးရတာ၊ ဒါကတော့ ခြံစိုက်တဲ့သူတိုင်း လုပ်ရတာပေါ့။။ ဆောင်းတွင်းဆိုရင် ပေါင်းကျန်ရှင်းတာလေး၊ ဘာလေးလုပ်လို့ရပေမယ့် မိုးတွင်း

စာမျက်နှာ ၅ ကော်လံ ၄ ✳

ယနေ့ ဖတ် စ ရာ

တို့များအလေးထား အမျိုးသမီးစွမ်းပကား
ဆောင်းပါး
စာ ၆







သမဝါယမကုန်ထုတ်၊ ကုန်သွယ်မှုလုပ်ငန်းများမှသည် သမဝါယမဈေးကွက်ဆီသို့ တက်လှမ်းမည်
ဆောင်းပါး
စာ ၁၀

ကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းများ ဖွင့်မည်
ပြည်တွင်းသတင်း
စာ ၁၈



# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအကြားအလပ်မရှိ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။** (ယာပုံ)





အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်နှင့် လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက Online ဖြင့် တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးကိုမဖြစ်မနေ တည်ဆောက်ရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဖော်ဆောင်ရာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေးသည် များစွာအရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေ တည်ဆောက်ရမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ပိုမိုခိုင်မာလာစေရန် အတွက် မူဝါဒများခိုင်မာမှု၊ ညှိနှိုင်းပေါင်းစပ် တာဝန်ယူဆောင်ရွက်မှု၊ အစိုးရနှင့် ပြည်သူပူးပေါင်းပြီး အားတက်သရော ဆောင်ရွက်မှုတို့ လိုအပ်ကြောင်း၊ ယနေ့အစည်းအဝေး၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြရန် ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့လုပ်ငန်းကော်မတီ အနေဖြင့် နယ်စပ်ဒေသရှိတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေး ရည်မှန်းချက်များထားရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ အနေဖြင့် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက် ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ် ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ချမှတ်ဆောင်ရွက်နိုင်ရေး အသေးစိတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) ၌ ကျင်းပသည့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ချမှတ်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ အသေးစိတ်ညှိနှိုင်း အစည်းအဝေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားအစားအသောက် ဥပဒေပါ ရည်ရွယ်ချက်များဖြစ်သည့် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးဥပဒ်ကင်းရှင်းသည့် အစားအသောက်များအား အများပြည်သူစားသုံးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ အစားအသောက်ကုန်ကြမ်းအဆင့်မှသည် စားသုံးသည်အထိ အစားအသောက် ကွင်းဆက်တစ်လျှောက်ရှိ နှီးနွှယ်ဌာနဆိုင်ရာအသီးသီးအနေဖြင့် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီက ဖွင့်လှစ်ခဲ့သည့် Myanmar National Center for Disease Control and Medical Training Center တွင်လည်း ကူးစက်ရောဂါများသာမက အစားအသောက်ဓာတ်ခွဲစစ်ဆေးမှုများကို ယခင်ထက်ပိုမို လုပ်ဆောင်သွားနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကလေးသူငယ်များအနေဖြင့် ဘေးအန္တရာယ် ကင်းရှင်းသော၊ သန့်ရှင်းသော၊ အာဟာရပြည့်ဝသော အစားအသောက်များကို ရရှိစားသုံးစေနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ School Meal Program ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**ကဏ္ဍ (၆) ခုကို အသေးစိတ်ညှိနှိုင်းဆွေးနွေး**

ယခုအစည်းအဝေးတွင် နယ်စပ်မှ တရားမဝင်အစားအသောက်တင်သွင်းမှုထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များ၊ တက္ကသိုလ်စားသောက်ဆိုင်များနှင့် Catering Service လုပ်ငန်းစဉ်များ၊ အဝေးပြေးလမ်းမတစ်လျှောက်နှင့် ကားရပ်နားစခန်းများရှိ စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်များရှိ စားသောက်ဆိုင်များ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များ၊ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ အင်းဆက်များ၊ ပိုးကောင်များ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များ၊ အစားအသောက်စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များ အစရှိသည့်ကဏ္ဍ (၆)ခုကိုအသေးစိတ်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ပြည်သူများစားသုံးနိုင်မည်ဖြစ်သည့်အတွက် အစားအသောက်ကွင်းဆက်တစ်လျှောက် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အများပြည်သူနေ့စဉ် စားသုံးနေသည့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ ဌာန၊ အဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍ မရသည့်အတွက် အစားအသောက် စတင်ထုတ်လုပ်ရာမှ စားသုံးသည်အထိ အစားအသောက်ကွင်းဆက်တစ်လျှောက်လုံးနှင့် သက်ဆိုင်သည့် ဌာနအားလုံးသာမက အစားအသောက် ထုတ်လုပ်သူများ၊ သိုလှောင်သူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ စားသုံးသူများ၊ နည်းပညာဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များအားလုံးက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဟန်ချက်ညီညီ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါ တာဝန်အခန်းကဏ္ဍနှင့် ဝတ္တရားများကို တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်က အလုပ်ရုံဆွေးနွေးပွဲရလဒ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (အစားအသောက်) ဒေါက်တာပြည့်ဖြိုးက အလုပ်ရုံ ဆွေးနွေးပွဲရလဒ်များအရ ထပ်မံဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှီးနွှယ်ဌာနအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး အဆိုပါဆွေးနွေးချက်များအပေါ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတည်ပြုခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နှီးနွှယ်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲတက်ရောက်



**နေပြည်တော် ဇူလိုင် ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့သို့ သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. IGOR KRASNOV နှင့် တွေ့ဆုံဆွေးနွေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ တွေ့ဆုံပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဥပဒေစနစ်၊ ဥပဒေဆိုင်ရာ သတင်းအချက်အလက်နှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်း၊ ပူးတွဲဆွေးနွေးညှိနှိုင်းခြင်း၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဥပဒေပညာရပ် အတွေ့အကြုံများ မျှဝေခြင်းနှင့် လေ့လာသင်ယူခြင်းတို့အတွက် နှစ်နိုင်ငံ ဥပဒေဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် စေလွှတ်ခြင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ မျိုးဆက်သစ် ဥပဒေအရာရှိများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးအောက်ရှိ တက္ကသိုလ်များသို့ ဥပဒေပညာရပ်များ ဆည်းပူးလေ့လာနိုင်ရန် ပညာတော်သင် စေလွှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ စသည့်ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ် (၂၀၂၄-၂၀၂၅) စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် နှစ်နိုင်ငံဥပဒေရေးရာ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကို ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ (Structure, Objectives and Organization Activities of the Ministry of Legal Affairs of the Republic of the Union of Myanmar and the Prosecutor General's Office of the Russian Federation) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

**ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနသည် မဟာဗျူဟာစီမံချက်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရားဥပဒေစိုးမိုးရေးဆီသို့ ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၄ ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှုများပေးခြင်း ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၅ ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မဟာမိတ်နိုင်ငံများနှင့် ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ရေးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်များအနက်မှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ ဥပဒေရေးရာစနစ်များ၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းတို့တွင် အမြင်ချင်းဖလှယ် ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် မျက်နှာစုံညီဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူများ အပြန်အလှန်ဖလှယ်မှုများဖြင့် နှစ်နိုင်ငံအဖွဲ့အစည်းနှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များက ရုရှားဖက်ဒရေးနိုင်ငံ ရှေ့နေချုပ်ရုံး၏ အမှုလိုက်ပါဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ အမှုအား ကနဦး စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် အမှုတည်ဆောက်ခြင်း လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ၊ တရားရုံးတွင် အမှုလိုက်ပါ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ဖက်ဒရယ်ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ရေးဆိုင်ရာဌာန၏ လုပ်ငန်းစဉ်များ စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးပြီး နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) ကို ၂၀၂၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မိုးဝေလမ်းနှင့် ရတီလမ်းကြား၊ ရွှေပြည်တော်ဝင် လမ်းမကြီးဘေးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသမီးအဖွဲ့အစည်း ငါးဖွဲ့မှ နာယက၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး အခမ်းအနား တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်းပင် စသည့်ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ အခမ်းအနားတွင် အရိပ်ရ နှစ်ရှည်ပင်များအပါအဝင် ပျိုးပင်ပေါင်း ၁၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်မြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပြည် ဇူလိုင် ၂**

ပြည်မြို့ ပြည်နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်စိုးဦးဟန်က ပြည် နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမြနန္ဒာလွင်ထံ ပျိုးပင်များ စိုက်ပျိုးရန် ပေးအပ်သည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး စစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် စိုးဦးဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် သစ်တောအရာရှိများနှင့် ဝန်ထမ်းများ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်နည်းပညာတက္ကသိုလ် မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေး အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက သီးပင်စားပင်နှင့် အရိပ်ရပင်မျိုးစုံ ပျိုးပင်ပေါင်း ၈၇၀ ကို စုပေါင်းစိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ကိုစိုး(ပြန်/ဆက်)**



## ရောဝတီမြစ်ရေ ဗန်းမော်မြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ ည ၇ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် (၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်





**နေပြည်တော် ဇူလိုင် ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၁)၏ အနောက် ဘက်ရှိ သတ်မှတ်နေရာ၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောသစ်ပင် များနှင့် သစ်တောဂေဟစနစ်သည် လူသန်းပေါင်း များစွာအတွက် လိုအပ်သော အစားအစာ၊ အသုံး အဆောင်များ၊ သစ်တောထွက် ပစ္စည်းအမျိုးမျိုးတို့ကို ထောက်ပံ့ပေးနေပြီး ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်ကို စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်း၊ ရေနှင့်လေကို သန့်စင်ပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ်အဆင့်ဆင့် ဖြစ်ပေါ်စေခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ပံ့ပိုးပေး လျက်ရှိကြောင်း၊ ထို့ပြင် ငါးသယံဇာတ ထိန်းသိမ်း ခြင်းနှင့် ငါးမျိုးရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စေရန်၊ ငါးမျိုးပြုန်းတီးမှုမဖြစ်စေရန်အတွက် ငါးသား ပေါက်ကောင်ရေ ၁၀၀၀၀ ကိုလည်း စိုက်ထည့်ပေး သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များ ကို စတင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာ များ၌ ရတနာတန်းဝင်ကျွန်းပင်များ စုပေါင်းစိုက်ပျိုး နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ သည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ငါးသားပေါက်များကို ဝန်ကြီးဌာန အနောက်ဘက်ရှိ ရေကန်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

**လက်ခံတွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့်အဖွဲ့အား နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) တို့အကြား လက်ရှိ ဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် UNOPS တို့မှ တာဝန် ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ပြည်မြို့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ပြည် ဇူလိုင် ၂**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံပညာကျောင်းများကို အခြေခံ၍ စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များကို ကျောင်းသားလူငယ်များ နိုင်ငံ့အနာဂတ် လူ့စွမ်းအားအရင်းအမြစ် ပြုစု ပျိုးထောင်မှုများ အရှိန်အဟုန်မြှင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့် ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်ထွက်သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာအတွေးအခေါ် မြင့်မား ရေး ဗဟုသုတပြည့်စုံကြွယ်ဝရေးတို့အတွက် စာတတ် သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပပေးရ ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က စာကြည့်တိုက်များအတွက် စာအုပ်စာပေ ထောက်ပံ့လှူဒါန်းခြင်းနှင့် သီးခြားအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက စာအုပ်စာပေအလှူရှင်များ အား ဂုဏ်ပြုမှတ်တမ်းနှင့် စာပေပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ကျပန်းစကားပြောခြင်းနှင့် ပုံပြောပြ ခြင်းတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် စာအုပ်စာပေပြခန်း များ၊ ရှေးဟောင်းယဉ်ကျေးမှု ပြခန်းများ၊ တက္ကသိုလ်ဆိုင်ရာ ဘာသာရပ်ပြခန်းများ၊ စာကြည့် တိုက်များ၊ ကျောင်းသား ကျောင်းသူ စွမ်းရည်ပြိုင်ပွဲ များနှင့် စာအုပ်ဈေးရောင်းပွဲတော်များအား လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❍ ***ရွှေဖုံးမှ***

"ဘူမိအခြေပြုခရီးသွားလုပ်ငန်းက စတော့စနေ ပြီ။ဒါပေမယ့် ကျွန်တော့်ဆီမှာ အချက်အလက် မစုံ သေးတာ၊ အဖွဲ့ထဲမှာလည်း training ပြန်ပေးရမှာ လည်းရှိတော့ ဒီလထဲမှာ စဖို့ပြင်ဆင်နေတယ်။ ဒီလ ထဲ Package တစ်ခုရောင်းဖြစ်အောင် ရောင်းမယ်လို့ စိတ်ကူးထားတယ်။ ဒီလထဲလဝက်နောက်ပိုင်းလမကုန် ခင် လုပ်ဖြစ်ဖို့များတယ်။ နောက်ဆုံးအပတ်ထဲ ဖြစ်နိုင်ခြေမျှော်လင့်ထားတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ ခရီးသွားလုပ်ငန်း အမျိုးအစားမှာ အသစ်အဆန်းဖြစ်နေသည့်အတွက် လူစိတ်ဝင်စားမှု အထိုက်အလျောက်ရှိပြီး မီးတောင်ဖြစ်စဉ်နှင့် ပတ်သက်သည့် ဗဟုသုတများကိုလေ့လာခွင့်ရရှိမည် ဖြစ်ကာ ဇီဝမျိုးစိတ်များနှင့်ပတ်သက်၍လည်း လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

"သူတို့ သတ်မှတ်ထားတာမှာ တစ်နေရာနဲ့ တစ်နေရာ တော်တော်ဝေးတာတွေလည်း ရှိတယ်။ အဲဒီနေရာတွေက သွားလို့လာလို့ လွယ်တဲ့နေရာ၊ အဆင်ပြေတဲ့နေရာတွေ၊ အဲဒီနေရာရဲ့ အကြောင်းအရာ တွေကို ပြန်ရှင်းပြပေါ့။ လူငယ်တွေပိုင်းနဲ့ Private School က ကလေးတွေ ပိုလာနိုင်မယ်လို့ မျှော်လင့်ရ တယ်။ ကျန်တဲ့သူတွေကတော့တောင်တက် ပိုင်းရှိနေ တယ်" ဟု ကိုတင်ကိုမင်းက ပြောသည်။

မဟာဂီရိအဖွဲ့အစည်းအနေဖြင့် လက်ရှိတွင် ပုပ္ပားတောင်တက် ဝန်ဆောင်မှုလုပ်ငန်း၊ ပုပ္ပား မျောက်မြီးရှည် ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နေသည့်အပြင် ဘူမိအခြေပြုခရီးသွား လုပ်ငန်းတို့ကို တိုးချဲ့လုပ်ကိုင်ရန် ဆောင်ရွက်နေပြီး ပုပ္ပားဒေသက ရှားပါးတိရစ္ဆာန်များဖြစ်သည့် ပုပ္ပား မြွေပွေးတက်တူ၊ ပုပ္ပားတောက်တဲ့ပျံများကိုလည်း ထိန်းသိမ်းရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **MT**

✳ ***ရွှေဖုံးမှ***

ကျတော့အပြင်လုပ်သားပါ ထည့် ရတယ်။ မြန်မြန်လုပ်ရတာပေါ့။။ မိုးလေး ကျနေတုန်းမှာကို ဒီပေါင်း တွေမြန်မြန်ရှင်း၊ မြန်မြန်မြေဩဇာ ကြဲတယ်။ ကျွန်တော်တို့က အချောရော၊ စိုက်ပျိုးတာရော အဓိက တွဲလုပ်တာဆိုတော့ ဒီဘက်မှာ ဈေးကွက်ကအေးတော့ အဲဒီဘက်မှာ အလုပ်များနေတာ ပေါ့။ မိုးတွင်းမှာ ဂရုစိုက်မှလည်း ထွက်တဲ့အသီးမှာ ဈေးပိုရတယ်၊ အသီးတွေ ထွက်အားကောင်း မယ်"ဟု ပြင်ဦးလွင်မြို့နယ်မှ KK သဘာဝနှပ်ကော်ဖီနှင့် ကော်ဖီစေ့ ရောင်းဝယ်ရေး လုပ်ကိုင်ပြီး ကိုယ်တိုင်လည်း ကော်ဖီစိုက်ပျိုး ရေးခြံလုပ်ကိုင်သူ မခိုင်ခိုင်က ဆိုသည်။

ယခုနှစ်အတွင်း ထုပ်ပိုးပြီး ကော်ဖီများ ဈေးကောင်းနေသော်လည်း ကော်ဖီကုန်ကြမ်းဈေး ငြိမ်နေကာ ဈေးကွက်အေး သည့် အနေအထားရှိကြောင်း လည်း သိရသည်။

"ပြင်ဦးလွင် ကော်ဖီဈေးကွက်က ညှော့်သည်များတဲ့ အချိန်ဆို ကောင်းတာပေါ့။ ဆိုင်တင်ရတာ လည်း အရင်နဲ့မတူဘူး။ ဈေးကွက် ကတော့ ဒီနှစ်တွင်းအေးတယ်။ ဒီမှာက ကော်ဖီဈေးက တအား မတက်ဘူး။ အခြားပါကင် ထုပ်လုပ်မှုမှာ ကုန်ကျစရိတ်တွေ က တက်တာ" ဟု မခိုင်ခိုင်က ဆက်လက်ပြောဆိုသည်။ **Thit Taw**

## မင်းလှမြို့၌ ကိုရီးယားသစ်တောဌာနနှင့်ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုး

**မင်းလှ ဇူလိုင် ၂**

မင်းလှမြို့နယ်၌ ကိုရီးယားသစ်တောဌာနနှင့် မြန်မာ နိုင်ငံသစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် FD–KFS REDD+ စီမံကိန်းနှင့် မင်းလှမြို့နယ်သစ်တော ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အား ယမန်နေ့က မင်းလှ မြို့နယ် ရွှေဝါမြိုင်ပျိုးဥယျာဉ်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ သစ်တောဦးစီး ဌာန၊ သစ်တောသုတေသနဌာန လက်ထောက် ညွှန်ကြားရေးမှူး၊ သာယာဝတီခရိုင်လက်ထောက် ညွှန်ကြားရေးမှူး၊ မင်းလှမြို့နယ်နှင့် လက်ပံတန်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် သစ်တောဝန်ထမ်း ၂၂ ဦး၊ ကျေးရွာများမှ ဒေသခံ ပြည်သူ ၇၅ ဦး စုစုပေါင်း ၉၇ ဦးတို့ဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ပိတောက်၊ ယမနေ၊ သရက်၊ ပိန္နဲ၊ မာလကာ စုစုပေါင်း၁၇၉၃ ပင်တို့အား တစ်ပျော် တစ်ပါးစိုက်ပျိုးပြီး တက်ရောက်လာသော ဒေသခံ ပြည်သူများကို သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး*

# တို့များအလေးထား အမျိုးသမီးစွမ်းပကား

*လင်းလက်မေမေ*

**ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ခန့်သည် အမျိုးသမီးများဖြစ်ကြပေရာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအင်အားသည် အလွန်အရေးကြီးလှသည်။ အလားတူ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၆ ဒသမ ၂ သန်းတွင် အမျိုးသား ၂၆ သန်းကျော်နှင့် အမျိုးသမီး ၂၉ သန်းကျော်ရှိရာ ၅၂ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကြသည့်အတွက် အမျိုးသမီးများ၏ စွမ်းပကားကို အခြေပြုပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။**

အမျိုးသမီးများသည် ပင်ကိုအားဖြင့် မိခင်စိတ်ရှိခြင်း၊ စိတ်နှလုံးနူးညံ့ခြင်း၊ ခန္ဓာကိုယ်ပျော့ပျောင်းခြင်း အစရှိသော သဘာဝတရားများကြောင့် အားနွဲ့ပျော့ပျောင်းသူများအဖြစ် သတ်မှတ်ရှုမြင်ခံကြရသည်။ တစ်ဖက်ကကြည့်လျှင်လည်း အမျိုးသမီးများသည် အရေးကြုံလာလျှင် ရဲရင့်ပြတ်သားခြင်း၊ သန်မာသောစိတ်ဓာတ်ဖြင့် အခက်အခဲများအား ရင်ဆိုင်ကျော်လွှားနိုင်ခြင်း၊ ဉာဏ်အမြော်အမြင်ကြီးမားစွာဖြင့် ဆုံးဖြတ်ချက်ချမှတ်တတ်ခြင်းများလည်း လုပ်ဆောင်နိုင်ကြသူများဖြစ်သည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းရှိ မိသားစုတစ်စုအတွင်း၌ အိမ်ထောင်ဦးစီး အမျိုးသားများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ အိမ်ရှင်မများဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍသည်လည်း များစွာအရေးပါလှသည်။ အိမ်ထောင်ဦးစီး အမျိုးသားရှာဖွေပေးသော ငွေကြေးကို မိသားစုတစ်စုလုံးအတွက် လောက်ငစေရန် စီမံခန့်ခွဲခြင်း၊ ခြိုးခြံချွေတာခြင်းတို့ကို အိမ်ရှင်မဖြစ်သူ အမျိုးသမီးများက စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသည့်အတိုင်း စနစ်တကျ စီမံဆောင်ရွက်ကြရသည်။

ယနေ့ခေတ်တွင် အမျိုးသားများနှင့်တန်းတူ မောင်တစ်ထမ်းမယ်တစ်ရွက်ဆိုသကဲ့သို့ အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်သူ အမျိုးသမီးများလည်း များပြားစွာရှိကြသည်။ ထိုသို့ အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်သူချင်းအတူတူ အမျိုးသားများသည် အိမ်သို့ပြန်ရောက်လျှင် အေးဆေးစွာ အနားယူနိုင်သော်လည်း အမျိုးသမီးများသည် အိမ်ပြန်ရောက်ချိန်တွင် သားသမီးများ၏ ဝေယျာဝစ္စများ၊ အိမ်မှုကိစ္စများနှင့် မိသားစုဝင်များအတွက် စားသောက်ရေးကိစ္စများကို လုပ်ကိုင်ကြရသည်။

အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်သူ အမျိုးသမီးများရှိသကဲ့သို့ သားသမီးများ၊ မိသားစုဝင်များအပေါ် ပိုမိုပြုစုစောင့်ရှောက်နိုင်ရေးအတွက် မိမိတို့၏ ဝါသနာ၊ ပညာရပ်များကို စွန့်လွှတ်ကာ ပြင်ပအလုပ်မလုပ်ဘဲ အိမ်ထောင်မှုထိန်းသိမ်း၍ မိသားစုများအတွက် လုပ်ကိုင်ဆောင်ရွက်ပေးသူ အမျိုးသမီးများလည်း များစွာရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ မိသားစုအတွင်း မတူကွဲပြားသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍများ၊ စွမ်းပကားများကို အသိအမှတ်ပြုတန်ဖိုးထားရမည်ဖြစ်သည်။



သူရမချစ်ပို (၁၉၀၇-၁၉၄၉)



ဒေါ်ကြည်ကြည်ဌေး (၁၉၂၄-၂၀၀၀)

**အစဉ်အလာကြီးမား မြန်မာအမျိုးသမီးများ**

ရှေးအစဉ်အလာကတည်းက မြန်မာအမျိုးသမီးများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ဣန္ဒြေသိက္ခာရှိစွာ နေထိုင်လေ့ရှိကြသည်။ “မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရ”၊ “ဗိုင်းကောင်းကျောက်ဖိ”ဟူ၍ မြန်မာအမျိုးသမီးတို့၏ ဣန္ဒြေသိက္ခာကြီးမားပုံကို ဆိုရိုးစကားဖြင့် တင်စားခဲ့ကြသည်။ မြန်မာအမျိုးသမီးများသည် ဘာသာတရားအဆုံးအမနှင့်အညီ ကိုယ်ကျင့်တရား စောင့်ထိန်းကာ ခင်ပွန်းသည်များအပေါ်တွင် တစ်ယောက်ဆိုတစ်ယောက် သစ္စာတရားထားရှိ၍ သေတစ်ပန်သက်ဆုံး ပေါင်းသင်းလေ့ရှိကြသည်။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလတို့ကဲ့သို့ တော်လေးဝဝင် အမျိုးသမီးများသည် ခင်ပွန်းသည်များအပေါ် သစ္စာရှိသော သမိုင်းတွင်သည့် စံပြအမျိုးသမီးများ ဖြစ်ကြသည်။

ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်မှုများ၊ စွမ်းပကားများသည် ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် သမိုင်းမှတ်တမ်းသာဓကများရှိခဲ့သည်။ လူမှုဝန်ထမ်းလုပ်ငန်းကို ပထမဦးဆုံးစတင်ခဲ့သူ ဒေါ်ဦးဇွန်း(၁၈၆၈-၁၉၄၄)၊ ပထမဆုံးမြန်မာအမျိုးသမီး မင်းတိုင်ပင်အမတ် ဒေါ်နှင်းမြ(၁၈၈၇-၁၉၇၄)၊ မြန်မာအမျိုးသမီးများတွင် ဆေးပညာ(F.R.C.S)ဘွဲ့ကို ပထမဆုံးဆွတ်ခူးရရှိခဲ့သူ ဒေါက်တာစောဆ(၁၈၈၄-၁၉၆၂)၊ မြန်မာနိုင်ငံသား အမျိုးသမီးများထဲမှ ပထမဦးဆုံးအမ်အေ(သုတေသနအထူးပြု)ဘွဲ့၊ အောက်စဖို့ဒ် တက္ကသိုလ်မှ ဘီလစ်ဘွဲ့များရရှိခဲ့သော သမိုင်းပညာရှင် ဒေါ်မြစိန်(၁၉၀၄-၁၉၈၈)၊ မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်တွင် တစ်ဦးတည်းသော အမျိုးသမီးသူရဘွဲ့ရရှိသူ သူရမချစ်ပို (၁၉၀၇-၁၉၄၉)၊ ပထမဆုံး မြန်မာ့ကာတွန်းဆရာမ ဒေါ်သိန်းရှင် (၁၉၀၆-၁၉၆၆)၊ ပထမဆုံးရုပ်ရှင်ထူးချွန်ဆုရ အမျိုးသမီး ဒေါ်ကြည်ကြည်ဌေး (၁၉၂၄-၂၀၀၀) အစရှိသည့် ထူးချွန်ထက်မြက်သည့် အမျိုးသမီးများပေါ်ပေါက်ခဲ့သည်။

ယနေ့ခေတ်၌လည်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများအပြင် သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် ဘက်စုံထူးချွန်သူ အမျိုးသမီးများ များစွာပေါ်ထွန်းနေပြီဖြစ်သည်။ အမျိုးသမီးများကိုယ်တိုင်ကလည်း မိမိတို့၏စွမ်းရည်များ၊ စွမ်းပကားများအား တန်ဖိုးထား အလေးထားကာ မိမိတို့ဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ ခေတ်အဆက်ဆက်က ထင်ရှားကျော်ကြားခဲ့သည့် အမျိုးသမီးများ၏ လေးစားဖွယ်ဂုဏ်ရည်များ၊ စွမ်းပကားများကို အတုယူကာ ကြိုးစားကြရမည်ဖြစ်သည်။ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချ၍ မိမိတို့အတွက်အကျိုးရှိမည့် စာပေများအား ဖတ်ရှုလေ့လာခြင်း၊ မိမိဝါသနာပါရာ ဘာသာရပ်များအားလေ့လာခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များအား သင်ကြားခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများ၏ စွမ်းပကားများအား အသိအမှတ်ပြုတန်ဖိုးထားသည့်အနေဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၈ ခုနှစ်မှ စတင်ကာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အားလုံးတွင် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၂၇ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိရန်၊ ခွဲခြားဆက်ဆံမှုကင်းဝေးစေရန်၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံအသီးသီးကြား ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့အမျိုးသမီးညီလာခံများကို ကျင်းပပြုလုပ်ခဲ့ရာ ၁၉၇၅ ခုနှစ်တွင် ပထမဆုံး ကမ္ဘာ့အမျိုးသမီးညီလာခံကို မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့၌ လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂိုမြို့၌လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် တတိယအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၉၇၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံတွင် UN Decade for Women ကို ချမှတ်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ၌ Beijing Platform for Action (BPFA) အား ချမှတ်ခဲ့ပါသည်။ BPFA တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အကြမ်းဖက်မှု ပပျောက်ရေးကဏ္ဍ အစရှိသည့် ဦးစားပေးနယ်ပယ် ၁၂ ရပ်ဖြင့် ရေးဆွဲထားသည့်အတွက် ကမ္ဘာတစ်ဝန်း အမျိုးသမီးအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

Beijing Platform for Action (BPFA) အရ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးတို့အတွက် နိုင်ငံတော်အဆင့် ယန္တရားတစ်ခုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ

- **မြန်မာအမျိုးသမီးများသည် ဘာသာတရားအဆုံးအမနှင့်အညီ ကိုယ်ကျင့်တရားစောင့်ထိန်းကာ ခင်ပွန်းသည်များအပေါ်တွင် တစ်ယောက်ဆိုတစ်ယောက် သစ္စာတရားထားရှိ၍ သေတစ်ပန်သက်ဆုံး ပေါင်းသင်းလေ့ရှိကြသည်။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလတို့ကဲ့သို့ တော်လေးဝဝင် အမျိုးသမီးများသည် ခင်ပွန်းသည်များအပေါ် သစ္စာရှိသော သမိုင်းတွင်သည့် စံပြအမျိုးသမီးများဖြစ်**
- **အမျိုးသမီးများကိုယ်တိုင်ကလည်း မိမိတို့၏စွမ်းရည်များ၊ စွမ်းပကားများအား တန်ဖိုးထား အလေးထားကာ မိမိတို့ဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ရမည်**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ရေးရာ ကော်မတီအစည်းအဝေးတွင် နှစ်စဉ်ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရန် သဘောတူညီခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ နိုင်ငံတော်သမ္မတရုံး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဌာနကြီး၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအစား မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီဟု အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်အမျိုးသမီးကော်မတီများကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။

### အမျိုးသမီးများစွမ်းပကားတိုးတက်ရန် အဓိကသော့ချက်

အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ စွမ်းပကား ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကသော့ချက်မှာ စာတတ်မြောက်မှုဖြစ်သည်။ စစ်တမ်းများ၏ ဖော်ပြချက်အရ ကမ္ဘာတစ်ဝန်း အမျိုးသမီး စာတတ်မြောက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၇၃ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၈၂ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာသည်ကို တွေ့ရှိရသည်။ အာဆီယံဒေသတွင်း၌ အမျိုးသမီးစာတတ်မြောက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၈၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၉၅ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်လာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးစာတတ်မြောက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၇၃ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်း တိုးမြင့်နေပြီဖြစ်သည်။

အမျိုးသမီးစာတတ်မြောက်မှုနှုန်း တိုးမြင့်ခြင်းသည် ကျား၊ မ တန်းတူညီမျှရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးအတွက် အရေးပါသောအချက် ဖြစ်သည်။ အနာဂတ်၏ မျိုးဆက်သစ်ရတနာများ အားမွေးထုတ်ပေးနိုင်သည့် အမျိုးသမီးများအနေဖြင့် စာတတ်မြောက်ရန် အထူးလိုအပ်သည်။ စာတတ် မြောက်သော မိခင်တစ်ဦးသည် ၎င်း၏သားသမီးများ ကို ပြုစုပျိုးထောင်ရာတွင် အမှားအမှန် ဝေဖန် ပိုင်းခြား၍ မှန်ကန်သောနည်းလမ်းဖြင့် ပျိုးထောင် နိုင်မည်ဖြစ်ရာ တိုင်းပြည်၏ အနာဂတ်အတွက် တန်ဖိုးရှိလှသော လူတော်လူကောင်းမျိုးဆက်သစ် များ တိုးပွားလာမည်ဖြစ်သည်။ ပညာတတ် အမျိုး သမီးတစ်ဦးသည် မိမိကိုယ်တိုင်သာမက မိသားစု ကိုပါ ကျန်းမာစွာ နေထိုင်တတ်စေရန် လမ်းညွှန်မှု ပေးနိုင်ပြီး မိသားစုဝင်ငွေတိုးပွားရန် စွမ်းဆောင်နိုင် မည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ သားသမီးများ အတွက် ပညာရေးကိုပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ဆင်းရဲ နွမ်းပါးမှုသံသရာကို ချိုးဖျက်နိုင်မည်ဖြစ်သည်။

အတန်းပညာမသင်ယူနိုင်သည့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် ၎င်းတို့၏ဘဝ ရေရှည် ရပ်တည်နိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရန် ပံ့ပိုးပေးရမည်ဖြစ်သည်။ အမျိုးသမီး များအတွက် ပညာသင်ယူနိုင်သည့် အခွင့်အလမ်း များပံ့ပိုးခြင်း၊ ပညာသင်ဆုနှင့် ငွေကြေးအကူအညီ များ ပံ့ပိုးခြင်းနှင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ ပေးခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု ပိုမိုတိုးမြင့်လာမည်ဖြစ်ပြီး သာတူညီမျှသည့် လူမှု အဖွဲ့အစည်းဖြစ်လာစေရန် အထောက်အကူပြု နိုင်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ကျား၊ မ အခြေပြု အလုပ်အကိုင် ရရှိမှုစစ်တမ်း(၂၀၂၃)အရ ၂၀၂၀ ပြည့်နှစ်တွင် အလုပ်ရရှိသူ အမျိုးသား ၆၆ ဒသမ ၅၇ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၄၃ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အလုပ်ရရှိသူအမျိုးသား ၆၇ ဒသမ ၈၆ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၃ ဒသမ ၈၂ ရာခိုင် နှုန်းဖြစ်ရာ အမျိုးသားနှင့် အမျိုးသမီးအကြား အလုပ်အကိုင်ရရှိမှုအခြေအနေမှာ သိသာစွာ ကွာဟ နေဆဲဖြစ်သည်။ သို့ဖြစ်ရာ အလုပ်အကိုင်အသီးသီး အတွက် လိုအပ်သော ကျွမ်းကျင်မှုများရရှိစေရန် အမျိုးသမီးများအတွက် စွမ်းဆောင်ရည်မြှင့်တင် ပေးသည့်အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ပံ့ပိုးပေးခြင်းများ၊ အိမ်တွင်း အသေးစားစီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန် အရင်းအနှီးမတည်ပေးခြင်း၊ အတိုးမဲ့ချေးငွေ ထုတ်ပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်နေ သည်နှင့်အမျှ အမျိုးသမီးများသည် ခေတ်နှင့် လျော်ညီစွာ နည်းပညာကို လက်လှမ်းမီသုံးစွဲတတ် ရန် လိုအပ်လှသည်။ အလုပ်အကိုင်ရရှိမှုနှင့် လုပ်ငန်းခွင်၌သာမက စီးပွားရေးလုပ်ငန်းများတွင် နည်းပညာသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ၍ နည်းပညာကို အသုံးပြုဆောင်ရွက်နိုင်စေရန် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာပညာရပ် (Science, Technology Engineering and Mathematics–STEM)တို့အား အမျိုးသမီးများ၊ မိန်းကလေးငယ်များအနေဖြင့် လေ့လာသင်ယူ တတ်မြောက်စေလိုသည်။ ထို့အပြင် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအနေဖြင့် မိမိတို့အပေါ် နည်းပညာအသုံးပြု၍ အကြမ်းဖက်မှုမခံရစေရန် Digital Literacy ကျွမ်းကျင်စွာ တတ်မြောက်ရန် လိုအပ်သည်။

### အမျိုးသမီးစွမ်းပကားတိုးတက်စေရန် နိုင်ငံတော်၏ဆောင်ရွက်ချက်များ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အမျိုး သမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် နိုင်ရန်အတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲကို ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင် မှုဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for Advancement of Women– NSPAW) (၂၀၁၃–၂၀၂၂)ကို အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင် ခဲ့ပြီး ယခုအခါ NSPAW Phase II (၂၀၂၃–၂၀၃၂)ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ NSPAW Phase II တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလုပ်ငန်းနယ်ပယ်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ စီးပွားရေး၊ အကြမ်းဖက်မှုပပျောက်ရေး စသည့်လုပ်ငန်း နယ်ပယ် ၁၂ ရပ်အား သက်ဆိုင်ရာဝန်ကြီးဌာန အလိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ စွမ်းပကား များ၊ ဖွံ့ဖြိုးတိုးတက်မှုများအား ယုတ်လျော့စေနိုင် သဖြင့် အမျိုးသမီးငယ်ရွယ်သူများအပေါ် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ထိရောက်စွာ ကာကွယ် စောင့်ရှောက်ပေးနိုင်ရန်အတွက် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)ကို စိစစ်ဆောင်ရွက်လျက်ရှိသည်။ ကလေး သူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက် မှုများ၊ သက်ငယ်မုဒိမ်းမှုများ ကြုံတွေ့လာပါက အလွယ်တကူတိုင်ကြားနိုင်ရန် Helpline ဖုန်းနံပါတ် (၀၆၇–၄၀၄၂၂၂)နှင့် (၀၆၇–၄၀၄၉၉၉) တို့ဖြင့် ၂၄ နာရီ ဝန်ဆောင်မှုပေးခြင်းကို ၂၀၁၆ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ Helpline ဖုန်းခေါ်ဆိုတိုင်ကြားမှုအပြင် Viberနှင့် Facebook Page များတွင် စာတိုပေးပို့တိုင်ကြား နိုင်ပြီး ယခုအခါ ဝန်ဆောင်မှုရယူသူများ ဖုန်းခေါ်ဆို ရာတွင် မှတ်သားခေါ်ဆိုရန် လွယ်ကူသည့် အထူး ချိတ်ဆက်ဖုန်းနံပါတ် ၁၅၆၆ သို့ ဆက်သွယ် တိုင်ကြားနိုင်ပြီဖြစ်သည်။

အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်နိုင်ရန် စရိတ်ထောက်ပံ့ပေးခြင်း၊ နားခိုရန် နေရာစီစဉ်ပေး ခြင်းနှင့် အခြားသောဝန်ဆောင်မှုများရရှိနိုင်စေရေး တွန်းပို့ချိတ်ဆက်ပေးခြင်းများကို လူမှုဝန်ထမ်းဦးစီး ဌာနမှ လေ့ကျင့်ပေးထားသော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ(Case Manager)များဖြင့် ဆောင်ရွက် ပေးလျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်ခံရသော အမျိုးသမီးများ ယာယီလုံခြုံရေးလိုအပ်ပါက ယာယီ လက်ခံစောင့်ရှောက်ပေးနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မော်လမြိုင်၊ လွိုင်ကော်၊ မုံရွာနှင့် စစ်တွေမြို့တို့တွင် One Stop Women Support Center –OSWSC များ ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင် မှုများ ပံ့ပိုးပေးလျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားစေရန်၊ အသေးစား အိမ်တွင်း စီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်ရန်ရည်ရွယ်၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်း၊ မုန့်မျိုးစုံသင်တန်းအစရှိသည့် အိမ်တွင်းမှုသက်မွေး ပညာရပ်များ သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် သင်တန်းကျောင်းအခြေပြု အမျိုးသမီးစောင့်ရှောက် ရေးလုပ်ငန်းအနေဖြင့် အမျိုးသမီးကလေးများ သင်တန်းကျောင်း သုံးခု၊ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဌာန နှစ်ခု၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း လေးခုနှင့် အမျိုးသမီး များ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဌာန တစ်ခုကို ဖွင့်လှစ်ထားပြီး လူမှုရေးအရ အကြောင်းအမျိုးမျိုးကြောင့် စောင့်ရှောက်မှု လိုအပ်သော အမျိုးသမီးများအတွက် ကာကွယ် စောင့်ရှောက်မှုပေးခြင်း၊ ၎င်းတို့၏ ဘဝရပ်တည်ရေး အတွက် ကျောင်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အမျိုးသမီး များအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All forms of Discrimination Against Women–CEDAW)အား မြန်မာနိုင်ငံအနေ ဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံအမျိုး သမီးကော်မတီ (ASEAN Committee on Women– ACW)၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ASEAN Commission on Promotion and Protection of Rights of Women and Children–ACWC)နှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ(ASEAN Women for Peace and Registry–AWPR) တို့တွင် ပါဝင်၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အခွင့်အရေးဖော်ဆောင်ခြင်းနှင့် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်လျက် ရှိသည်။

**“တိုင်းပြည်၏ အနာဂတ်သည် မျိုးဆက်သစ် လူငယ်များ၏လက်တွင် တည်ရှိသည်ဟုဆိုလျှင် ကျန်းမာ၍ အသိပညာနှင့် ပြည့်စုံသော မျိုးဆက် သစ် လူငယ်များ ဖြစ်လာစေရန် ပျိုးထောင်ပေးရသည့် မိခင်များ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အရေးပါလှသည်ဟုဆိုလျှင် မမှားပါ”**

### အမျိုးသမီးစွမ်းပကားဖြင့် နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်ကြပါစို့

တိုင်းပြည်၏ အနာဂတ်သည် မျိုးဆက်သစ် လူငယ်များ၏လက်တွင် တည်ရှိသည်ဟုဆိုလျှင် ကျန်းမာ၍ အသိပညာနှင့်ပြည့်စုံသော မျိုးဆက်သစ် လူငယ်များဖြစ်လာစေရန် ပျိုးထောင်ပေးရသည့် မိခင်များ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အရေးပါလှသည်ဟုဆိုလျှင် မမှားပါ။ “ပုခက်လွှဲသော လက်သည် ကမ္ဘာကိုအုပ်စိုးနိုင်သည်” ဆိုသည့် ဆိုရိုးစကားအတိုင်း အမျိုးသမီးများ၏ စွမ်းရည်များ၊ စွမ်းပကားများ ဖွံ့ဖြိုးတိုးတက်စေရန် ၎င်းတို့နှင့် အနီးဆုံးရှိသူမိသားစုဝင်များက ပံ့ပိုးကူညီပေးရမည် ဖြစ်သည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် အဖွဲ့ အစည်းများ၏ စီမံကိန်းများနှင့် ကဏ္ဍပေါင်းစုံတွင် ကျား၊ မ ရှုထောင့်အမြင်ဖြင့် ထည့်သွင်းစဉ်းစား၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုလျော့နည်းပပျောက်ရေး၊ ကျား၊မ တန်းတူညီမျှရေးတို့အတွက် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

အမျိုးသမီးများ၏ စွမ်းပကားများကို အလေးထားအသိအမှတ်ပြု၍ ခေတ်မီဖွံ့ဖြိုး တိုးတက်၍ အေးချမ်းသာယာသော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အားဖြည့်ကူညီဆောင်ရွက်ကြ ပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီး များနေ့အား အောက်ဖော်ပြပါ ကဗျာလေးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်–

**“ခေတ်အဆက်ဆက် ထင်ရှားတဲ့စွမ်းပကား**
**အချက်အပြုတ် အသိမ်းအထုတ်သာမက**
**နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးမျက်နှာစာ**
**အာကာသနဲ့ သိပ္ပံနည်းပညာ**
**ကဏ္ဍစုံမှာ မေတို့ပါလို့**
**တို့များအလေးထား အမျိုးသမီးစွမ်းပကားဖြင့်**
**နိုင်ငံ့အကျိုးတို့သယ်ပိုးလို့**
**ဖြည့်ဆည်းဆောင်ရွက်ကြပါစို့”**

**ရည်ညွှန်းကိုးကားချက်**

လူမှုဝန်ထမ်းဦးစီးဌာန၏ မြန်မာအမျိုးသမီးများ နေ့နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များ၊ ၂၀၂၃ခုနှစ် မြန်မာအမျိုးသမီး များနေ့ ဂုဏ်ပြုဆောင်းပါးများ

https://www.statista.com/statistics/global-adult-literacy-rate/

https://www.statista.com/statistics/1258668/global-employment-figures-by-gender/

https://unctad.org/news/how-unlock-womens-potential-digital-economy

## မေမြန်မာများ စွမ်းအားမြင့်မြင့် ဂုဏ်တင့်တင့်

✻ ဆိုရိုးစကား ရှိထားစဉ်အမြဲ
ပုခက်လွှဲလက် ဂုဏ်တက်အုပ်စိုး
တိုင်းပြည်မိုးလိမ့် ကောင်းကျိုးဝေဖြာ
ရှိမှာမလွဲ ဤလောကထဲ။

✻ ဒို့မျိုးမြန်မာ ကမ္ဘာတစ်ခွင်
ပေါ်လွင်ထွန်းကြ သူရ မချစ်ပို
တော်လှန်လိုစိတ် တဖိတ်ဖိတ်ကြောင့်
မေးမိုတ်မသွား နာမည်ထားခဲ့
စွမ်းအားနဲ့ဗွဲ့ လွန်ထူးကဲ။

✻ နယ်ချဲ့ဖက်ဆစ် ကျွန်တစ်ခေတ်က
မျိုးချစ်စိတ်များ တဖွားဖွားဖြင့်
အားကြိုးမာန်ပြင်း တော်လှန်ခြင်းတွင်
ရဲတင်းတောက်ပ သခင်မတို့
အားရပါးရပါဝင်ကြ၏။

✻ ယခုအခါ ပြည်မြန်မာသည်
ကမ္ဘာနှင့်အမီ ခေတ်နှင့်ညီစွာ
လိုက်ပါဂုဏ်ဖော် တပ်မတော်နှင့်
ဖျော်ဖြေကဏ္ဍ စသည့်နေရာ
များပြားစွာတွင် ကျွမ်းကျင်လိမ္မာ
မေမြန်မာများ စွမ်းအားလည်းမြင့်
ဂုဏ်လည်းတင့်ပြီ။

✻ ထို့ကြောင့်
မြန်မာအမျိုးသမီးများနေ့
သိမ်မွေ့ညင်သာ ဂုဏ်ပြုပါ၏
ရိုးရာထိန်းပေး မယ်ယဉ်ကျေးဟု
မြတ်လေးစံပယ် ပန်းနှယ်မွှေးပျံ့
ကြည်ခံ့ဖြာဝေ ရှိပါစေ
တည်တံ့ပါစေမြန်မာမေ။

(ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ






**နေပြည်တော် ဇူလိုင် ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စုပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ အနာဂတ်ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် အမျိုးသားရေး မျှော်မှန်းချက်ကို ချမှတ်၍ ခေတ်နှင့်လျော်ညီသည့် ပညာရေး ပြုပြင် ပြောင်းလဲမှုများအဖြစ် စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပြည့်စုံသည့် လူငယ်များသည် နိုင်ငံ၏ အနာဂတ် အင်အားများ ဖြစ်ပါကြောင်း၊ ဗလငါးတန်အနက် စာရိတ္တဗလပြည့်စုံပါက နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ စာရိတ္တဗလဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှုသည် နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် ခေတ်မီပညာရပ်များကို လေ့လာ၍ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားရန် လိုအပ်သည့်အပြင် မိမိဘဝ တိုးတက်မြင့်မားစေရန် ဘက်စုံပံ့ပိုးပေးကြသည့် မိဘများ၏ ကျေးဇူးတရားကို မမေ့လျော့စေရန်၊ မိမိနိုင်ငံကို ချစ်ခင်လေးစားစိတ်ထားရှိကြရန်၊ မိမိကြောင့် မိမိနိုင်ငံ ဂုဏ်ယူရလောက်သည် အထိ ကြိုးစားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူး ရရှိခဲ့သည့် ကျောင်းသားတစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ကျောင်းသားနှစ်ဦးကို ဆုချီးမြှင့်ခြင်း၊ ဆက်လက်၍ ကော်မရှင် အတွင်းရေးမှူး ဦးတင်ဆွေဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ တစ်ဘာသာဂုဏ်ထူး ရရှိခဲ့သည့် ကျောင်းသူတစ်ဦးနှင့် ရိုးရိုးအောင်မြင်ခဲ့သူ လေးဦးကို ဆုများ ပေးအပ်ချီးမြှင့်ကာ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က ကော်မရှင်ရုံး ဝန်ထမ်းများ၏ သားသမီးများအနက်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးကို ဌာနတာဝန်ခံများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်သူများ ပူးပေါင်းပါဝင်သော
## သက်လျှင်အထွက်ကောင်းစပါးမျိုးများ ရွေးချယ်



**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည့် တောင်သူများ ပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်တွင် အထွက်ကောင်း သက်လျှင်စပါးမျိုးများ ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ လုပ်ကွက်ငယ် လယ်သမားအနေဖြင့် အကျိုးအမြတ်များသော တောင်သူလယ်သမား မျိုးစေ့ထုတ်လုပ်ငန်း အစုအဖွဲ့များဖွဲ့စည်း၍ မျိုးစေ့ထုတ်လုပ်ငန်းများလုပ်ဆောင်ကြရန်လိုကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယခုနှစ် မိုးစပါးရာသီမှစ၍ မြို့နယ်အလိုက် တောင်သူများကိုယ်တိုင်ပါဝင်သည့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် စပါးအပြင် ရာသီအလိုက်စိုက်ပျိုးသည့် သီးနှံများ မျိုးစေ့ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်မှလည်း တောင်သူများအနေဖြင့် စပါးရိတ်သိမ်းပြီး ကျန်ရှိနေသည့် ကောက်ရိုးများ၊ ရိုးပြတ်များ မီးမရှို့ဘဲ မှိုစိုက်ခြင်းလုပ်ငန်းတွင် အသုံးချကြရန်နှင့် မိမိတို့ဝန်ကြီးဌာနပညာရှင်များက မှိုစိုက်ပျိုးနည်း သင်တန်းများ၊ မှိုမျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တောင်သူအစုအဖွဲ့များစုဖွဲ့၍ မှိုမှုတစ်ဆင့် ဟင်းခတ်မှုန့်လုပ်နည်း၊ ကောက်ရိုးအခြေခံ မြေဆွေး၊ တီမြေဆွေး၊ နွားစာတောင့် ထုတ်လုပ်ခြင်း၊ ကောက်ရိုး လောင်စာတောင့်ထုတ်လုပ်ခြင်း၊ ကောက်ရိုးကို အမှုန့်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဝင်ငွေရလုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်စေရေးအတွက် နည်းပညာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ဆောင်ပေးရန်လိုကြောင်း၊ အဆိုပါ နည်းပညာများကို တောင်သူများ၏ သားစဉ်မြေးဆက်အား လယ်ယာစိုက်ပျိုးသည့်နည်းများနှင့်အတူ လက်ဆင့်ကမ်းသင်ကြားပေးကြစေလိုကြောင်း။

ယနေ့ စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်မှ သက်တမ်းတူ စပါးမျိုးများရွေးချယ်၍ လာမည့်ရာသီတွင် ပြန်လည်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲ စိုက်ပျိုးရေး နိုင်ငံများတွင် မျိုးရွေးချယ်ခြင်းလုပ်ငန်းကို လယ်သမားများနှင့်အတူ ရွေးချယ်ဆုံးဖြတ်ခြင်းကို တွင်ကျယ်စွာ ဆောင်ရွက်နေခြင်းကြောင့် မိမိတို့အနေဖြင့်လည်း လယ်ယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပိုမိုအကျိုးရှိထိရောက်စေရန် လယ်သမားများ တင်ပြသည့် အကြံဉာဏ်များ၊ လယ်သမားများ ပူးပေါင်းပါဝင်သည့် ဆွေးနွေးဆုံးဖြတ်ချက်များ ထည့်သွင်းဆောင်ရွက်နိုင်မှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍအသွင်ကူးပြောင်း ဆောင်ရွက်ရာတွင် အားလုံးပါဝင်၍ လူထုလုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု ရွာဝေါ်အင်း ဘက်စုံစိမ်းလန်းစိုပြည်ရေးအတွက် မြေသားတာပေါင်လုပ်ငန်း၊ အဝင်လမ်းနှင့်ကန်ပတ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွာဝေါ်အင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း ၀ ဒသမ ၇ မိုင်၊ ကန်ပတ်လမ်းအပိုင်း(၁) မြေသားတာပေါင်ဖို့ခြင်း ၇ ဒသမ ၃ ဖာလုံ၊ အပိုင်း(၂) မြေသားတာပေါင်ဖို့ခြင်း ၄ ဒသမ ၇ ဖာလုံနှင့် Box Culvert ရှစ်စင်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် အင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးမည့် ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)၏ တိုးချဲ့ပြင်ပလူနာဆောင် နှစ်ထပ် RC အမျိုးအစား တည်ဆောက်ရေးလုပ်ငန်း၊ လူနာစောင့်များ နားနေဆောင် တည်ဆောက်ပြီးစီးမှု၊ ဆေးရုံအဝင်မုခ်ဦး တိုးချဲ့တည်ဆောက်နိုင်ရေးနှင့် Canteen တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄၊ ၆၊ ၇)ရပ်ကွက် မြို့ပတ်လမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်း အမှတ်(၇) ရပ်ကွက် မန်းဘဇံလမ်းအား အကျယ်ပေ ၃၀၊ အရှည်ပေ ၁၀၀၀၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဘေးဝဲယာမြောင်းဖုံးပါအုတ်စီရေမြောင်း ပြုလုပ်ခြင်း၊ အသစ်ဆောက်လုပ်သည့် (အလျား ၂၅ ပေ x အနံ ပေ ၄၀ x အမြင့် ၁၄ ပေ) ရှိ တံတားအမှတ်(၁) ပြီးစီးမှု၊ အမှတ်(၆) ရပ်ကွက်ရှိ အဆင့်မြှင့်တင်ဆောင်ရွက်သည့် (အကျယ် ပေ ၃၀၊ အလျား ပေ၈၀၀၊ ထု ၆ လက်မ)ရှိ ကွန်ကရစ် အပိုင်း (၃) ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ မြို့ပတ်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးလွင်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ချန်းချန်း အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမို တိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။

(၂၆-၆-၂၀၂၄) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါဘာဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘာဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘာဏ်နှင့် ပုဂ္ဂလိကဘာဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ စသည့်ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါ ရေးသားချက်အပေါ် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘာဏ်မှ ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ အများပြည်သူ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် အချက်များ ပါဝင်နေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘာဏ်၏ ပြင်းထန်စွာ ကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) အနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားကတ်များနှင့် Biometric (ဇီဝဆိုင်ရာကိုယ်ရေးအချက်အလက်)ကောက်ယူခြင်းကို ဇူလိုင် ၂ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (ထိုသို့ဆောင်ရွက်စဉ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် ကော်မတီဝင်များက ကျောင်းသား ကျောင်းသူ ၅၆၂ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များ ဆောင်ရွက်ပေးအပ်ခဲ့ပြီး Biometric ကောက်ယူဆောင်ရွက်ခဲ့သည်။) **သက်နောင်ဦး(ငါန်းဇွန်)**

# ပြင်ဦးလွင်မြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၂**

ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ



အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းသီဆိုပြီး အခမ်းအနားဖွင့်လှစ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ ၊ တတိယ နှင့် အထူးဆု (၁) (၂) စသည့် ထူးချွန်ဆုရရှိသူများအား ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ယဉ်တစ်ကိုယ်မယ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ဖြူလူသစ် (ပြန်/ဆက်)**

# သမဝါယမကုန်ထုတ်၊ ကုန်သွယ်မှုလုပ်ငန်းများမှသည် သမဝါယမဈေးကွက်ဆီသို့ တက်လှမ်းမည်

*နိုင်အောင် (Cooperatives)*

သမဝါယမဆိုတဲ့စကားလုံးဟာ ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်ပါတယ်၊ သမ = အတူတကွ၊ ဝါယမ = အားထုတ်လုပ်ဆောင်ခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ဖော်ဆောင်ပါတယ်။

ဒီကမ္ဘာကြီးမှာ သမဝါယမ(ဝါ) အတူတကွ ပူးပေါင်းအားထုတ် လုပ်ဆောင်ခြင်းဆိုတာ ဘာအတွက် ပေါ်ပေါက်လာသလဲဆိုတာ လေ့လာကြည့်ရင် အရင်းအနှီးနည်းပါးလွန်းပြီး ဆင်းရဲလှတဲ့ လုပ်ခစားအလုပ်သမားတွေ မိမိတို့ရဲ့ ဝင်ငွေတိုးပွားလာဖို့၊ တိုးပွားလာမှ လူနေမှုဘဝ အဆင့်အတန်း၊ စားဝတ်နေရေး အဆင်ပြေကြမှာမို့ မိမိတို့လို ဆန္ဒတူသူများ စုစည်းပြီး တစ်ဦးလျှင် တစ်ပဲနိဆီ အစု (share) ထည့်ဝင်ပြီး စုပေါင်းရရှိလာတဲ့ အစုငွေများကို မတည်ရင်းနှီးငွေအဖြစ် သတ်မှတ်ပြီး မိမိတို့ အစုအဖွဲ့ (သို့) သမဝါယမအသင်းအဖြစ် ဖွဲ့စည်းထူထောင်ကာ စုပေါင်းလုပ်အား၊ စုပေါင်းတာဝန်ယူ၊ တာဝန်ခံမှုဖြင့် လူမှုစီးပွားရေးအဖွဲ့အစည်းတစ်ခု (သို့) သမဝါယမအသင်းကို ထူထောင်လာခဲ့ကြ ပါတယ်။

**သမဝါယမအဖွဲ့တွေကမ္ဘာအနှံ့အပြားပေါ်ပေါက်လာခဲ့**

အဲဒီပုံစံကို နမူနာအတုယူရင်း နိုင်ငံအသီးသီးက လုပ်ခနည်းတဲ့ အခြေခံလူတန်းစားများဟာ မိမိတို့ရဲ့မိသားစုဘဝလူမှုအဆင့်အတန်းနှင့် စားဝတ်နေရေး စတဲ့လိုအပ်ချက် (need)၊ လိုအင်ဆန္ဒ (desire) တွေ အမှန်တကယ်ဖြစ်တည်လာဖို့ စိတ်ဆန္ဒတူသူတွေ အချင်းချင်းပေါင်းစုကာ မတည်ငွေရရှိလာဖို့ အစု(share) ထည့်ဝင်ပူးပေါင်းပြီး စုစည်းပြီးငွေအားနဲ့ အသင်းစီးပွားရေးလုပ်ငန်းတွေကို စတင်လုပ်ကိုင်ရာကနေ သမဝါယမအဖွဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ကမ္ဘာအနှံ့အပြားပေါ်ပေါက် ပျံ့နှံ့လာခဲ့ပါတယ်။

ရာစုနှစ်အဆက်ဆက်က စီးပွားရေးလုပ်ငန်းနယ်ပယ်တွေမှာ အရင်းရှင်စနစ်လို့ခေါ်တဲ့ ဓနငွေအင်အားကြီးမားသူတွေ လက်ဝါးကြီးအုပ် ကုပ်သွေးစုပ် ချုပ်ချယ်ခဲ့တာ အားလုံးအသိပင်ဖြစ်ပါတယ်။ အရင်းရှင်စနစ်ရဲ့ ဆိုးရွားတဲ့ဓနအင်အားနဲ့ နှိပ်စက်မှုတွေကြောင့် လူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းမှာ ဆင်းရဲချမ်းသာကွာဟမှုတွေ ကြီးမားလာပြီး ဆင်းရဲသား လူတန်းစားများပြားလာကာ သုစရိုက်ထက် ဒုစရိုက်တွေကို ပိုမိုဖြစ်ထွန်းလာစေခဲ့ပါတယ်။

**အရင်းရှင်စနစ်ဆိုးကို တွန်းလှန်ဖို့ အကောင်းဆုံးစနစ်မှာ သမဝါယမစနစ်ပင်ဖြစ်**

ဒီ အရင်းရှင်စနစ်ဆိုးကို တွန်းလှန်တိုက်ဖျက်ဖို့ရာ အကောင်းဆုံးစနစ်မှာ သမဝါယမစနစ်ပင်



တပ်ကုန်းမြို့နယ်ရှိ အင်ဘက်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၏ သမဝါယမ လယ်ယာဝန်ဆောင်မှုများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ယခုနှစ်ဆန်းပိုင်းက ကြည့်ရှုအားပေးစဉ်။

ဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီး နည်းပါးပြီး ဆင်းရဲနွမ်းပါးနေသူတွေအတွက် ရုန်းထွက်နိုင်ဖို့ အသင့်တော်ဆုံးနည်းက စုပေါင်းစွမ်းပကားနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခြေခံတူရာလူများ ပေါင်းစုပြီး စိတ်တူကိုယ်တူနဲ့ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်လုပ်ငန်းများကို ဆိုင်ရာ သမဝါယမအသင်းသားတစ်ဦးချင်းစီက ကိုယ်စီတာဝန်ယူပြီး ကျရာအခန်းကဏ္ဍက အများအကျိုးအတွက်၊ အဖွဲ့အစည်းအကျိုးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခြင်းဟာ သမဝါယမစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။

ဥပမာ ရပ်ကွက်ကျေးရွာ ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်မယ်ဆိုရင် မြေနေရာနဲ့ အဆောက်အအုံ ရှာဖွေငှားရမ်းခြင်း၊ ကုန်ပစ္စည်းများ မှာယူခြင်း၊ ကုန်ပစ္စည်းဆိုရာမှာ လူတို့ နေ့စဉ်စားရေးအတွက် မဖြစ်မနေလိုအပ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲ၊ အာလူး မီးဖိုချောင်သုံးပစ္စည်းတို့ အပါအဝင် ဝတ်ဆင်ရေးအတွက် အဝတ်အထည်၊ ကျောင်းသုံး၊ လူသုံးပစ္စည်းအမျိုးမျိုးနဲ့ ကုန်စိမ်းဖြစ်တဲ့ ဟင်းသီးဟင်းရွက်များ စတာတွေကို ဝယ်ယူဖြည့်ဆည်းရမှာ ဖြစ်ပါတယ်။

**သမဝါယမအသင်းရဲ့ ရင်းနှီးမတည်ငွေ ပေါ်ပေါက်လာ**

စတင်ဖွင့်လှစ်ရာမှာ အရင်းအနှီးနည်းပါးတဲ့အတွက် လူသုံး၊ အိမ်သုံးမီးဖိုချောင်သုံး ကုန်ပစ္စည်းတွေ စုံစုံလင်လင် ဖြည့်ဆည်းနိုင်မှာမဟုတ်ပါ၊ အရင်းမှ တိုးပွားလာတဲ့အမြတ်ကို အရင်းအဖြစ် ထပ်ဖြည့်ခြင်း၊ ရောင်းကုန်ပစ္စည်းများကိုချဲ့ထွင်ခြင်းနဲ့ ရင်းနှီးငွေတိုးပွားလာမှာ ဖြစ်ပါတယ်။ ထိုအရင်းအနှီးတွေ၊ ရင်းနှီးငွေတွေ ဘယ်ကရလာသနည်း၊ သမဝါယမအသင်းတစ်သင်း စဖွဲ့စည်းမယ်ဆိုရင် ငွေကြေးတစ်ပြားတစ်ချပ်မှမရှိဘဲ ဖွဲ့စည်း၍မရပါ၊ သမဝါယမအသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကိုက နည်းပါးတဲ့ ငွေကြေးတစ်စုစီကို တစ်ဦးချင်းစီထံမှ စုစည်းပြီး များပြားလာတဲ့ ငွေကြေးပမာဏနဲ့ အသင်းရဲ့ စီးပွားရေးလုပ်ငန်းအတွက် ရင်းနှီးငွေအဖြစ် အသုံးပြုခြင်းဖြစ်ပါတယ်။ အဆိုပါရည်ရွယ်ချက်နဲ့ သမဝါယမအသင်းရဲ့ ရင်းနှီးမတည်ငွေဆိုတာ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။

အထက်ပါရပ်ကွက်၊ ကျေးရွာကုန်စုံဆိုင်ကို ရပ်ကွက်သူ/ ရပ်ကွက်သား(သို့)ကျေးရွာသူ/ကျေးရွာသား ၅၀ နဲ့ သမဝါယမအသင်းဖွဲ့ပြီး သမဝါယမကုန်စုံဆိုင် တည်ထောင်ကြတယ်ဆိုပါစို့။ အဲဒီရပ်ကွက်၊ ကျေးရွာသားတွေက သမဝါယမအသင်းသားများ ဖြစ်လာကြပါမယ်။ ဒီနေရာမှာ သမဝါယမလောကသားအချို့ မှားယွင်းအသုံးပြုနေတဲ့စကားအခေါ်အဝေါ်တစ်ခုကို အမှားပြင်လိုပါတယ်။

**သမဝါယမအသင်းရဲ့ အကျိုးစီးပွားအတွက် အသင်းအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရ**

တည်ဆဲသမဝါယမဥပဒေအရ သမဝါယမအသင်းမှာ ဥပဒေနဲ့အညီ အသင်းသားအဖြစ်ပါဝင်လာသူ အားလုံးကို ကျား /မ မရွေး အသင်းသားဟုသာ ခေါ်ဝေါ်ရပါမယ်။ သမဝါယမအသင်းမှာ Gender မခွဲခြားဘဲ အသင်းသားတိုင်း တန်းတူအခွင့်အရေး ရှိပါတယ်။ “အသင်းသူ” လို့ ခေါ်ဝေါ်သုံးစွဲခြင်းက မှားယွင်းနေတယ်ဆိုတာ သတိချပ်စေလိုပါတယ်။ အသင်းသား ၅၀ နဲ့ ဖွဲ့စည်းထားတဲ့ သမဝါယမကုန်စုံဆိုင်လုပ်ငန်းကို ကြီးကြပ်ဖို့ အသင်းရဲ့အကျိုးစီးပွားအတွက် အရေးပါတဲ့ အဆုံးအဖြတ်တွေကို ချမှတ်ဖို့၊ အသင်းကို ဦးစီးဦးဆောင် ပြုလုပ်ဖို့အတွက် အသင်းအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရပါမယ်။

အမှုဆောင်ကော်မတီကို သုံးဦး (သို့) ငါးဦး ဖွဲ့စည်းနိုင်ပါတယ်။ ထိုမှတစ်ဆင့် အသင်းသားတွေကိုယ်တိုင် တာဝန်ယူပြီး အသင်းဆိုင်ဝန်ထမ်းအဖြစ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်တဲ့စနစ်ကို ကျင့်သုံးပြီး ဖြစ်ဖြစ်၊ အသင်းဝန်ထမ်းအဖြစ် လုပ်ခ၊ လစာပေး သတ်မှတ်ပြီးဖြစ်ဖြစ်၊ သမဝါယမကုန်စုံဆိုင်လုပ်ငန်းကို လုပ်ကိုင်ဖော်ဆောင်နိုင်ပါတယ်။ ဆိုင်မန်နေဂျာ၊ အရောင်းစာရေး၊ ငွေကိုင်၊ ကုန်ပစ္စည်းစာရင်းစစ်၊ အဝယ်တော်၊ ဆိုင်စောင့် စတဲ့အလုပ်ကိုယ်စီကို မခိုမကပ် မိမိတာဝန် မိမိကျေပွန်ပြီး အများ အကျိုးအတွက် စေတနာထားဆောင်ရွက်ပါက အဲဒီသမဝါယမကုန်စုံဆိုင်က မအောင်မြင်စရာ အကြောင်းမရှိပါဘူး။

ရရှိတိုးပွားလာတဲ့အမြတ်တွေကို အသင်းသားအားလုံးရဲ့ သဘောဆန္ဒနဲ့အညီ စာရင်းနှစ်ချုပ်ကာလအပြီးမှာ အစုပေါ်အမြတ်တွေ၊ အမြတ်ခွဲဝေငွေတွေ သတ်မှတ်ခွဲဝေခံစားနိုင်သလို လုပ်ငန်းတိုးချဲ့ရေးရန်ပုံငွေ သတ်မှတ်ထားရှိခြင်းဖြင့် အနာဂတ်မှာ ဆိုင်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီလို သမဝါယမနည်းစနစ်ကျကျ လုပ်ကိုင်ခြင်းဖြင့် အောင်မြင်တဲ့ သမဝါယမအသင်းတွေ၊ စံနမူနာယူဖွယ် သမဝါယမအသင်းသားတွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ထိုမှတစ်ဆင့် သမဝါယမကုန်စုံဆိုင်တွေကတစ်ဆင့် သမဝါယမဈေးကွက်၊ သမဝါယမဈေး ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်။

သမဝါယမ ကုန်ထုတ်လုပ်ငန်းဆိုတာဟာ ဘာလဲ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း၊ အလတ်စား၊ အကြီးစားစက်မှု ပညာလုပ်ငန်းနဲ့ လူတို့နေ့စဉ် စားသုံး၊ ဝတ်ဆင်၊ နေထိုင်မှုအတွက် လိုအပ်တဲ့အစားအစာနဲ့ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအားလုံးကို ကုန်ထုတ်လုပ်ငန်းလို့ ခေါ်ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ သမဝါယမလယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို သမဝါယမအသင်းသားတွေက တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါတယ်။ သမဝါယမအသင်းပိုင် လယ်ယာလုပ်ငန်းနဲ့ သမဝါယမအသင်းသားပိုင် လယ်ယာလုပ်ငန်းဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျေးရွာရှိတောင်သူတွေ သမဝါယမအသင်းသားအဖြစ် ပါဝင်ပြီးဖြစ်ဖြစ်၊ သမဝါယမအသင်းပိုင်ဆိုင်တဲ့ လယ်ယာမြေတွေကို အသင်းကြီးကြပ်သူ အမှုဆောင်အဖွဲ့ရဲ့ စီစဉ်မှုနဲ့ လုပ်ကွက်ဧကတွေကို ခွဲဝေတာဝန်ယူလုပ်ကိုင်ပြီးဖြစ်ဖြစ် သမဝါယမလယ်ယာစနစ်ကို စုပေါင်းဆောင်ရွက်လျက်ရှိနေကြပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းစပြီဆိုကတည်းက မြေယာပြုပြင်ခြင်းလုပ်ငန်းကို အသင်းပိုင်ထွန်စက်တွေနဲ့ဖြစ်ဖြစ်၊ သမဝါယမဦးစီးဌာနရဲ့ အစီအမံနဲ့ ပံ့ပိုးပေးထားတဲ့မြေခံအဖြစ် ထည့်ရတဲ့ သဘာဝမြေဩဇာတွေကို ပက်ဖျန်းပြီးဖြစ်ဖြစ်၊ မျိုးကောင်း၊ မျိုးသန့်တွေကို ကြိုတင်စုဆောင်းထိန်းသိမ်းထားပြီးဖြစ်ဖြစ်၊ ပျိုးထောင်ချိန်မှာ အသင်းသားတွေ စုပေါင်းပျိုးထောင်ခြင်း၊ ကောက်စိုက်ချိန်၊ စိုက်ပျိုးချိန်မှာလည်း စုပေါင်းကောက်စိုက်ခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့မှာ စုပေါင်းပြီးဖြစ်ဖြစ်၊ ရိတ်သိမ်းခြွေလှေ့ချိန်မှာလည်း စုပေါင်းအား၊ ရောင်းချချိန်မှာ စုပေါင်းပြီးဖြစ်ဖြစ်၊ မခိုမကပ်ဆောင်ရွက်ရင် အောင်မြင်တဲ့ သမဝါယမလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

**မျိုး၊ မြေ၊ ရေ၊ နည်း ဒီလေးမျိုး ပြည့်စုံကောင်းမွန်မှ သီးနှံအထွက်တိုးပြီး ဝင်ငွေတိုးလာမယ်**

ဘယ်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်လုပ်၊ အရေးကြီးဆုံး မှတ်သားရမှာက မျိုး၊ မြေ၊ ရေ၊ နည်း ဒီလေးမျိုး ပြည့်စုံကောင်းမွန်မှသာ စိုက်သမျှ သီးနှံအထွက်တိုးပြီး ဝင်ငွေတိုးလာမယ်ဆိုတာကို သမဝါယမအသင်းသား တောင်သူလယ်သမားများရော ကျန်လယ်ယာလုပ်ကိုင်သူ တောင်သူဦးကြီးများပါ အထူးဂရုပြုလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

> **“ ဘယ်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်လုပ်၊ အရေးကြီးဆုံးမှတ်သားရမှာက မျိုး၊ မြေ၊ ရေ၊ နည်း ဒီလေးမျိုး ပြည့်စုံကောင်းမွန်မှသာ စိုက်သမျှ သီးနှံအထွက်တိုးပြီး ဝင်ငွေတိုးလာမယ်ဆိုတာကို သမဝါယမအသင်းသား တောင်သူလယ်သမားများရော ကျန်လယ်ယာလုပ်ကိုင်သူ တောင်သူဦးကြီးများပါ အထူးဂရုပြုလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစီအစဉ်နဲ့ သမဝါယမအသင်းပိုင်၊ အသင်းသားပိုင် လယ်ယာမြေတွေအတွက် မျိုးကောင်းမျိုးသန့်တွေရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာတွေကို သီးနှံပေါ်ပေးစနစ်နဲ့ တောင်သူဆီ အရောက်ပို့ဆောင်ပေးခြင်း၊ သမဝါယမအသင်းပိုင်၊ အသင်းသားပိုင်လယ်ထွန်စက်ကြီးများ၊ ကောက်စိုက်စက်များ၊ တမန်းနှိုးစက်၊ ပိုးသတ်ဆေးဖျန်းကိရိယာနဲ့ ရိတ်သိမ်းခြွေလှေ့စက်ကြီးတွေနဲ့ အချိန်မီ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့နိုင်ရေးအစီအစဉ်တကျ စီစဉ်ဆောင်ရွက်ပေးနေတာ သမဝါယမအသင်းသားအားလုံးအသိပဲဖြစ်ပါတယ်”**

## မြန်မာစာ မြန်မာစကား

### ဆယ်ပြည့်ကိန်းများကို ရေတွက်သော်

ကိန်းများကို ရေတွက်သောအခါ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး… တစ်ဆယ်၊ နှစ်ဆယ် စသည်ဖြင့် ရေတွက်သည်။ လူပုဂ္ဂိုလ်၊ အရာဝတ္ထု စသည်တို့ကို ရေတွက်သောအခါ ထို လူ၊ ပုဂ္ဂိုလ်၊ အရာဝတ္ထုကို လိုက်၍-

| | |
|---|---|
| လူတစ်ယောက် | မြေဆယ်ကွက် |
| ကားနှစ်စီး | ဘုန်းကြီးသုံးပါး |
| တိုက်ငါးလုံး | ငွေဆယ့်ငါးကျပ် |

စသည်ဖြင့် **ယောက်၊ စီး၊ လုံး၊ ကွက်၊ ပါး၊ ကျပ်** ဟူသော မျိုးပြစကားလုံးများကို သုံးသည်။

ဤသို့သုံးရာ၌ မျိုးပြစကားလုံးများကို ကိန်းတို့၏နောက်က ထားသည်။ ဤအစဉ်ကို တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်နှင့် ဆယ်ပြည့်ကိန်းမဟုတ်သောကိန်းတို့ကို ရေတွက်ရာ၌ သုံးသည်။ ဆယ်ပြည့်ကိန်းဆိုသည်မှာ ၂၀ နှင့်အထက် သုညဆုံးသည့် ၃၀၊ ၄၀၊ ၅၀၊ ၁၀၀၊ ၁၀၀၀ စသော ကိန်းများဖြစ်သည်။ ထိုဆယ်ပြည့်ကိန်းများကို ရေတွက်သောအခါ မျိုးပြစကားလုံးကို ဆယ်ပြည့်ကိန်းရှေ့က ထားသည်။

မျိုးပြစကားလုံး အမျိုးအစားကိုလိုက်၍ မျိုးပြစကားလုံးတွင် **အ** ထည့်သည်လည်း ရှိသည်။ **အ** မထည့်သည်လည်း ရှိသည်။

| လူ၊ ပုဂ္ဂိုလ်၊ အရာဝတ္ထု | မျိုးပြစကားလုံး | ဆယ်ပြည့်ကိန်း |
|---|---|---|
| လူ | အယောက် | နှစ်ဆယ်၊ သုံးဆယ် |
| ကား | အစီး | ငါးဆယ် |
| ဘုန်းကြီး | အပါး | တစ်ရာ |
| ငွေ | ကျပ် | တစ်ထောင် |
| နွား | အကောင် | လေးဆယ် |

အချို့လူ၊ ပုဂ္ဂိုလ်၊ အရာဝတ္ထုများ၏ ဆယ်ပြည့်ကိန်းကို ရေတွက်သောအခါ မျိုးပြစကားလုံးကို ချန်သုံးသည်လည်း ရှိသည်။

| လူ၊ ပုဂ္ဂိုလ်၊ အရာဝတ္ထု | ဆယ်ပြည့်ကိန်း |
|---|---|
| လူ | နှစ်ဆယ်၊ သုံးဆယ် |
| ငွေ | တစ်ထောင် |
| ခြံ | တစ်ရာ |
| ကန် | တစ်ရာ |
| ကျပ် | တစ်ထောင် |
| လမ်း | နှစ်ဆယ် |
| လမ်း | သုံးဆယ် |




မှတ်ချက်။ ။ **ဦး** ဟူသော စကားလုံးသည် မျိုးပြစကားလုံး ဖြစ်သော်လည်း **အဦး** ဟု သုံးရိုးမရှိ။

သာဓက။ ။
လူနှစ်ဦး
လူဆယ်ဦး
လူနှစ်ဆယ်
လူသုံးဆယ် ဟု အသုံးရှိသည်။

**လူအဦးသုံးဆယ်** ဟူသော အသုံးမရှိ။

မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

---

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတော်ကလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစီအစဉ်နဲ့ သမဝါယမအသင်းပိုင်၊ အသင်းသားပိုင် လယ်ယာမြေတွေအတွက် မျိုးကောင်းမျိုးသန့်တွေရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာတွေကို သီးနှံပေါ်ပေးစနစ်နဲ့ တောင်သူဆီ အရောက်ပို့ဆောင်ပေးခြင်း၊ သမဝါယမအသင်းပိုင်၊ အသင်းသားပိုင်လယ်ထွန်စက်ကြီးများ၊ ကောက်စိုက်စက်များ၊ တမန်းနှိုးစက်၊ ပိုးသတ်ဆေးဖျန်းကိရိယာနဲ့ ရိတ်သိမ်းခြွေလှေ့စက်ကြီးတွေနဲ့ အချိန်မီ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့နိုင်ရေးအစီအစဉ်တကျ စီစဉ်ဆောင်ရွက်ပေးနေတာ သမဝါယမအသင်းသားအားလုံးအသိပဲဖြစ်ပါတယ်။

သမဝါယမအသင်းသား တောင်သူတွေအနေနဲ့ ထိုအခွင့်အလမ်းကို အမိအရအသုံးချပြီး မိမိတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းခွင်မှာ မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ အထွက်နှုန်းတိုးရေး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူတွေ သတိချပ်ဖို့ တစ်ခုမှာ ရာသီချိန်နဲ့ ရာသီဥတုဖြစ်ပါတယ်။ ပျိုးထောင်မယ့်ကာလ၊ စိုက်ရမယ့်ကာလ၊ အနှံထွက်မယ့်ကာလ၊ အဖူးဖူးမယ့်ကာလ တွက်ချက်ထားရပါမယ်။ ရာသီစောရင် သီးနှံမဖြစ်သလို၊ ရာသီချိန် နောက်ကျရင်လည်း အထွက်နှုန်းကျဆင်းမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်နှစ်ပတ်လုံး သုံးသီးစိုက်ပျိုးနိုင်ဖို့အတွက် သီးနှံရာသီအလိုက် အစီအမံတွေ ကြိုတင်ရေးဆွဲထားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က မှတ်သားခဲ့ဖူးတဲ့ ရှေးလူကြီးတွေရဲ့ မိုးရာသီနဲ့ပတ်သက်တဲ့ အဆိုတစ်ခုရှိပါတယ်။ **"တပေါင်းလဆန်း ၁ ရက်နေ့မှာ လေတိုက်ပါက မိုးဦးကောင်းမယ်၊ မတိုက်က မကောင်း၊ လဆန်း ၂ ရက်နေ့ လေတိုက်ပါက မိုးလယ်ကောင်းမယ်၊ မတိုက်က မကောင်း၊ လဆန်း ၃ ရက်နေ့ လေတိုက်ပါက မိုးနှောင်းကောင်းမယ်၊ မတိုက်ပါက မကောင်း"** ဆိုပြီးဖြစ်ပါတယ်။ "ရှေးထုံးလည်းမပယ်နဲ့"ဆိုတဲ့အတိုင်း ဒီဆိုရိုးကလည်းယနေ့ထိမှန်နေတဲ့ ဆိုရိုးစကားဖြစ်တဲ့အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူတိုင်း မှတ်သားထားသင့်ပါတယ်။

### သမဝါယမအသင်းတွေရဲ့ အခန်းကဏ္ဍကို ချန်လှပ်ထားမရ

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ မွေးမြူရေးသမဝါယမအသင်းတွေရဲ့ အခန်းကဏ္ဍကို ချန်လှပ်ထားမရပါ။ တိုင်းပြည်စားရေရိက္ခာဖူလုံဖို့ သားငါးကဏ္ဍကလည်း အရေးပါအရာရောက်ပါတယ်။ ကျေးလက်ဒေသတွေမှာတော့ ရှေးယခင်ကာလကတည်းက အိမ်တိုင်းလိုလို တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ကိုင်ခဲ့ကြပြီး စနစ်တကျစီးပွားဖြစ် မွေးမြူသူနည်းပါးပါတယ်။

ဒါကြောင့် သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ အသားတိုး ကြက်မွေးမြူရေး၊ CP ဝက်မွေးမြူရေးနဲ့ နို့စားနွား၊ အသားစားနွားမွေးမြူလိုသူ၊ ငါးမွေးမြူရေး လုပ်ကိုင်လိုသူ၊ မွေးမြူလိုသူများ စုစည်းပြီး မွေးမြူရေးသမဝါယမအသင်းများ ဖွဲ့စည်းကာ လိုအပ်တဲ့ တိရစ္ဆာန်မျိုးကောင်း၊ မျိုးသန့်တွေ ပြည်တွင်း ပြည်ပမှ မှာယူတင်သွင်းခြင်း၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေနဲ့ အကျိုးတူပူးပေါင်းပြီး မွေးမြူရေးခြံ၊ တိရစ္ဆာန်ကောင်ရေတိုးချဲ့မွေးမြူခြင်း၊ ခေတ်မီနည်းစနစ်တွေနဲ့ နေ့စဉ်မှတ်တမ်းများ၊ လစဉ်မှတ်တမ်းရေးသွင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အလေအလွင့်နည်းပါးပြီး မွေးမြူကောင်ရေ မလိုအပ်ဘဲ ဆုံးရှုံးမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ မွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းမှာလည်း အသင်းသားတွေကိုယ်တိုင် မွေးမြူပြီး ထွက်ရှိလာတဲ့ သားငါးတွေကို မွေးမြူရေးသမဝါယမအသင်းတွေက ဒေသပေါက်၊ ကာလပေါက်ဈေးပေးဝယ်ယူပြီး သမဝါယမအသား၊ ငါးဈေးကွက်ကို ပို့ဆောင်ပေးရမှာ ဖြစ်ပါတယ်။

ယနေ့သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနဟာ သမဝါယမလယ်ယာဥယျာဉ်ခြံမြေ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းလာဖို့အတွက် ကျေးလက်နေပြည်သူတွေရဲ့ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိရေးကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိရာ လယ်စိုက်သူ၊ ယာစိုက်သူ၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးသူတွေ မျိုးကောင်းမျိုးသန့်ရရှိဖို့အတွက် မျိုးစေ့ထုတ် သမဝါယမအသင်းတွေ ထူထောင်ခြင်း၊ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာတွေ ပြည်ပမှ တင်သွင်းဖို့မလိုဘဲ ပြည်တွင်းမှာ သမဝါယမမြေဩဇာထုတ်လုပ်ရေး အလုပ်ရုံ၊ စက်ရုံများ တည်ထောင်ပေးခြင်း၊ ထွန်ယက်စိုက်ပျိုးနိုင်ရန်နဲ့ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် အသုံးပြုမှု တွင်ကျယ်လာစေဖို့ လယ်ယာသုံးထွန်စက်နဲ့ စက်ကိရိယာအမျိုးမျိုး၊ ဆက်စပ်ပစ္စည်းတွေကို ငွားဝယ်စနစ်(Hire Purchase) နဲ့ ရောင်းချပေးခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကလည်း သမဝါယမ လယ်ယာထွက်ကုန်များဈေးကွက်ကို အချိန်မီရောက်ရှိဖို့အတွက် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးခြင်း၊ စိုက်ပျိုးရေရရှိရေး ရေတွင်း၊ ရေကန်များတူးဖော်ခြင်း၊ လျှပ်စစ်မီးလက်လှမ်းမမီတဲ့နေရာတွေမှာ ဆိုလာပြားများ တပ်ဆင်ပြီး ရေစုပ်စက်၊ ရေတင်စက်တွေ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

### သမဝါယမအသင်းတွေ အချိတ်အဆက်မိဖို့အတွက် အကြားအလပ်မရှိ လက်တွဲပူးပေါင်းဆောင်ရွက်

သမဝါယမကုန်သွယ်ရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မယ်ဆိုရင်ကြားခံလူတွေရဲ့ သီးနှံထုတ်လုပ်မှုနဲ့ဈေးကွက်လိုသလို ခြယ်လှယ်မှုကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုသမဝါယမအသင်းတွေနဲ့ ကုန်သွယ်မှု သမဝါယမအသင်းတွေ အချိတ်အဆက်မိဖို့အတွက် ထုတ်လုပ်၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်လုံး(Supply Chain)၊ သမဝါယမအသင်းတွေအကြားမှာ အလျားလိုက် (Horizontal) နဲ့ ဒေါင်လိုက် ( Vertical) အကြားအလပ်မရှိ လက်တွဲပူးပေါင်းဆောင်ရွက်ရပါမယ်။

စိုက်ပျိုးရေးလုပ်ငန်း စတင်တဲ့ မြေယာပြုပြင်ခြင်းမှစလို့ ရေသွင်းအစိုဓာတ်ရယူခြင်း၊ ထယ်ခွဲခြင်း၊ မြေမှုန်းခြင်း၊ မြေခံပက်ဖျန်းခြင်း၊ ပျိုးထောင်ခြင်း၊ အစေ့ချခြင်း၊ ကြဲပက်ခြင်း၊ ကောက်စိုက်ခြင်း၊ ပေါင်းနုတ်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ခူးဆွတ်ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အမိုးအကာအောက် ပို့ဆောင်ခြင်း စတဲ့ အဆင့်ဆင့်ဆောင်ရွက်ရတာတွေကို သမဝါယမအသင်းသားတွေ၊ အသင်းတွေကိုယ်တိုင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကုန်သွယ်သမဝါယမအသင်းတွေက စိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာတဲ့ သီးနှံတွေကို အခြောက်ခံခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပေးခြင်း၊ ကြိတ်ခွဲသန့်စင်ခြင်း၊ ဈေးကွက်ကို သယ်ယူပို့ဆောင်ပေးခြင်း၊ သမဝါယမစိုက်ပျိုးရေးထွက်ကုန်အရောင်းဆိုင်တွေ မြို့ရွာအနှံ့ဖွင့်လှစ်ပြီး ရောင်းချပေးခြင်း၊ ပြည်တွင်းဈေးကွက်မှာ ပိုလျှံတဲ့ သီးနှံတွေကို ပြည်ပဈေးကွက်နဲ့ အာဆီယံနိုင်ငံတွေကို တင်ပို့ (Export) ရောင်းချပေးခြင်းဖြင့် နိုင်ငံတော်က နိုင်ငံခြားဝင်ငွေရရှိလာမှာ ဖြစ်ပါတယ်။ ပြည်တွင်းရောင်းချမှုကလည်း အသင်းသားတွေအပြင်၊ ပြည်သူတွေလည်း သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူစားသုံးနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျော့ကျစေနိုင်မှာ ဖြစ်ပါတယ်။

အနှစ်ချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် သမဝါယမစိုက်ပျိုးထုတ်လုပ်လုပ်ငန်းမှသည် သမဝါယမကုန်သွယ်မှု၊ သမဝါယမဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် သမဝါယမအသင်း၊ အသင်းသားတွေအားလုံး အကြားအလပ်မရှိ အတူတကွ ပူးပေါင်းမှုစိတ်ဓာတ် (Cooperatives Mindset)နဲ့ လုပ်ဆောင်ပါက ကျေးလက်နေပြည်သူတွေ တစ်ဦးချင်းဝင်ငွေတိုးပွားလာပြီး သူတို့ရဲ့ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာမှာ ဖြစ်ပါကြောင်း (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

---

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကြီးနား၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိ



**မြစ်ကြီးနား ဇူလိုင် ၂**

ကချင်ပြည်နယ်အတွင်း မေခနှင့် မလိခမြစ် အထက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ဇွန် ၃၀ ရက် နံနက်ပိုင်းမှ စတင်ပြီး မြင့်တက်လာခဲ့ရာ ဇူလိုင် ၁ ရက်တွင် မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိကာ မြို့ပေါ် (၂၈)ရပ်ကွက်၊ (၁၇) ရပ်ကွက်နှင့် အာလမ်ကျေးရွာတို့တွင် ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ အမြန်ဆုံးကယ်ဆယ်နေရာချထားပေးနိုင်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထန်နန် ဦးဆောင်၍ ရေဝင်ရပ်ကွက်များအား အပိုင်းလိုက်တာဝန်ခွဲဝေချထားပြီး ရေယာဉ်၊ ကားများ စနစ်တကျစုဖွဲ့၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် / ကျေးရွာများရှိ လူမှုကူညီရေးအသင်းများက ညအချိန်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးကြသည်။

အဆိုပါမြစ်ရေမြင့်တက်မှု ဖြစ်စဉ်ကြောင့် ရေဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် ရေဘေးရှောင်စခန်း ၃၇ ခုအထိ ဖွင့်လှစ်ခဲ့ရပြီး အိမ်ထောင်စု စုစုပေါင်း ၂၀၆၄ စုတို့အား ကူညီကယ်ဆယ်ပေးခဲ့ကြကာ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျစုဖွဲ့၍ ဆောင်ရွက်ပေးကြသည်။

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက်အစောပိုင်းမှ စတင်၍ ပြန်လည်ကျဆင်းလာခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များနှင့် မြစ်ရေမြင့်တက်လာမှုကြောင့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူများထိခိုက်မှု အနည်းဆုံးဖြင့် အချိန်နှင့်တစ်ပြေးညီ စနစ်တကျစုဖွဲ့၍ ရှာဖွေကယ်ဆယ်နိုင်ခဲ့မှုအခြေအနေများ၊ မြစ်ကြီးနားမြို့တွင် မြစ်ရေကျဆင်းပြီး ဗန်းမော်မြို့၊ ရွှေကူမြို့တို့တွင် မြစ်ရေမြင့်တက်လာနိုင်မှုအပေါ် ကြိုတင်စီမံဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တနိုင်းနှင့် ဖားကန့်တို့တွင် သဘာဝဘေးဖြစ်စဉ် ဖြစ်ပွားမှု/ ဖြစ်ပေါ်နိုင်သည့်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့်ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး၊ လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ စီတာပူတံတားအနီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စုဖွဲ့၍ ရပ်ကွက်ရေဝင်ရောက်မှုအပေါ် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ လယ်ကုန်းရပ်ကွက်အတွင်း သယံဇာတရေးရာဝန်ကြီး ဦးဆောင်၍ အစုအဖွဲ့ဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ကျွေးမွေးရေးဆိုင်ရာများကို လည်းကောင်း၊ မြို့သစ်ရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းနှင့်မဟာဗန္ဓုလလမ်းဆုံနေရာမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်မည့်အိမ်ထောင်စုများအား ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ရေဘေးရှောင်မိသားစုများအတွက် နေ့လယ်စာထမင်းဘူးများကို စက်လှေများဖြင့် လိုက်လံထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များတွင် ရေဝင်ရောက်ခဲ့ပြီး ဝိုင်းမော်မြို့နယ်အတွင်း ဝိုင်းမော်မြို့ပေါ်ရပ်ကွက်များအပါအဝင် စန်းကား၊ နောင်တာလော၊ မုတ်လွဲ၊ မိုင်းနား၊ မခန္တီး၊ နောင်ချိန်း ကျေးရွာများတွင်လည်း ရေဝင်ရောက်ခဲ့မှုကြောင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်၍ နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် ရေဘေးရှောင်စခန်းပေါင်း ၁၂ ခု ဖွင့်လှစ်၍ ကူညီကယ်ဆယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၂**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လျက်ရှိပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား ယနေ့တွင်လည်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါ်မိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့်ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှု ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ်၌ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ဥရုချောင်းရေမြင့်တက်လာပြီး အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာများတွင် ရေဝင်ရောက်

**ဖားကန့် ဇူလိုင် ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် အထက်ဘက်မှ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ဥရုချောင်းရေမြင့်တက်လာပြီး အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာများတွင် ဇူလိုင် ၁ ရက် ညနေပိုင်းမှစတင်၍ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ဥရုချောင်းရေအခြေအနေမှာ မရှီကထောင်ကြိုးတံတားနှင့် ထိစပ်လျက်ရှိပြီး မိုးရွာသွန်းမှုကြောင့် မြို့မရပ်ကွက်အနိမ့်ပိုင်းတွင် လေးပေခန့်၊ ငှက်ပျောတောရပ်ကွက်အနိမ့်ပိုင်းတွင် လေးပေခန့် ရေဝင်ရောက်လျက်ရှိပြီး လုံးခင်းကျေးရွာအုပ်စု ကံဆီးကျေးရွာရှိ ဥရုချောင်းစိုးရိမ်ရေအမှတ်သည် ကိုးပေဖြစ်ပြီး လက်ရှိတွင် စိုးရိမ်ရေအမှတ်ထက် သုံးပေခန့် ကျော်လွန်ရောက်ရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်လာမှုကြောင့် အထက (လုံးခင်း)၊ အထက ခွဲ (ကံဆီး)၊ အထကခွဲ (နမ့်မဖြစ်)၊ မူလွန်(ဆိုင်းရာရွာသစ်)၊ အမက (နန့်စန်း-၂)၊ အမက (နန့်စန်း-၃)၊ အမက (မော်ရှန်ရွာသစ်)နှင့် အမက (ကံဆီးဟော)စသည့် စာသင်ကျောင်းများ ယာယီပိတ်ထားပြီး ဝါရာဇွပ်ကျေးရွာအုပ်စု ရှဒူဇွပ်ကျေးရွာရှိ အထက(ရှဒူဇွပ်) ကျောင်းဝင်းအတွင်းသို့လည်း လေးပေခန့် ဝင်ရောက်လာသဖြင့် ယာယီပိတ်ထားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

မြို့မရပ်ကွက်အနိမ့်ပိုင်းနေရာများရှိ အိမ်ခြေ ၇၀ ခန့်နှင့် အေးမြသာယာရပ်ကွက် အနိမ့်ပိုင်းနေရာများရှိ အိမ်ခြေ ၄၁ အိမ်ခန့်တွင် ဥရုချောင်းရေဝင်ရောက်လျက်ရှိပြီး ရပ်ကွက်(၄)ရပ်ကွက်ရှိ အိမ်ခြေစုစုပေါင်း ၃၈၆ အိမ်တို့တွင် ဥရုချောင်းရေဝင်ရောက်လျက်ရှိရာ လူဦးရေစုစုပေါင်း ၂၂၅၈ ဦး ရေဘေးသင့်လျက်ရှိသဖြင့် အဆိုပါ ရေဘေးသင့်ပြည်သူများအား ဖားကန့်မြို့ မြို့မရပ်ကွက်ရှိ မဏိဇေယျ ပရိယတ္တိစာသင်တိုက်တွင် ခေတ္တရွှေ့ပြောင်းထားရှိကြောင်း သိရသည်။

ထို့အတူ ဥရုချောင်းရေ မြင့်တက်မှုကြောင့် လုံးခင်းကျေးရွာအုပ်စု လုံးခင်းရပ်ကွက်များနှင့် နန့်စန်း (၂) ကျေးရွာများသို့ ချောင်းရေဝင်ရောက်သဖြင့် မြေနိမ့်ပိုင်းနေ ပြည်သူများအား လုံးခင်းရပ်ကွက်အတွင်းရှိ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ၎င်းတို့နှင့် နီးစပ်ရာမိဘ/ဆွေမျိုးများ၏ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ချီလီအစိုးရ နိုင်ငံ၏အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးမှုဖြစ်

ဆန်တီယာဂို ဇူလိုင် ၂

**ချီလီအစိုးရသည် နိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာကို ချီလီပီဆို ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၃၀) သို့ တိုးမြှင့်ခဲ့သည်။ ထိုသို့ တိုးမြှင့်မှုသည် တနင်္လာနေ့တွင် စတင်အကျုံးဝင်ခဲ့ပြီး နှစ်ပေါင်း ၃၀ နီးပါးအတွင်း အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်မှုအဖြစ် သမိုင်းဝင်ခဲ့သည်။**

ဇူလိုင် ၁ ရက်မှစကာ ချီလီနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာသည် ၅၀၀၀၀၀ ပီဆိုဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးမှုတစ်ခုဖြစ်ကြောင်း ချီလီသမ္မတ ဂယ်ဘရီရယ်ဘောရစ်က လူမှုကွန်ရက် X တွင် ကြေညာခဲ့သည်။ လုပ်ခလစာ တိုးမြှင့်ခြင်းသည် ပိုမိုကောင်းမွန်သော လစာများဖြင့် တရားမျှတသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်နှင့် မညီမျှမှုများကို လျှော့ချရန်ဖြစ်ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

ချီလီမြို့တော် ဆန်တီယာဂိုတွင် ပြုလုပ်သော ပွဲတစ်ခုတွင် သမိုင်းဝင်လုပ်ခလစာတိုးမြှင့်ခြင်းကြောင့် အနည်းဆုံးအလုပ်သမား ၈၀၀၀၀၀ နီးပါး အကျိုးကျေးဇူးရရှိသွားမည်ဖြစ်ကြောင်း သမ္မတက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဘောရစ် သမ္မတဖြစ်လာသော ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏အနိမ့်ဆုံးလုပ်ခလစာမှာ ၃၅၀၀၀၀ ပီဆိုဖြစ်သည်။ နှစ်နှစ်ကျော်ပြီးစအချိန် ယခု ၂၀၂၄ ခုနှစ်တွင် နိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာကို နောက်ထပ် ၁၅၀၀၀၀ ပီဆိုအထိ တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်သမားဌာနနှင့် စီးပွားရေးအဖွဲ့အစည်းများကြား သဘောတူညီချက်ရရှိပြီးနောက် အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်ရန် အဆိုပြုချက်ကို ၂၀၂၃ ခုနှစ် ဧပြီလတွင် လွှတ်တော်သို့ ပေးပို့ခဲ့သည်။



ချီလီတွင် ဝင်ငွေနည်းဆင်းရဲနွမ်းပါးမှုနှုန်းသည် ၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည့်အတွက် လူပေါင်း ၁၂၈၂၅၂၁ ဦးသည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဝင်ငွေလောက်ငမှု မရှိဘဲ ဆင်းရဲစွာဖြင့် နေထိုင်ကြရသည်။

ဆင်ဟွာ

## ဘရာဇီးနိုင်ငံတောင်ပိုင်းပြည်နယ်တစ်ခုလုံးနီးပါး ရေကြီးမြေပြိုမှုများကြောင့် လူပေါင်း ၁၇၉ ဦးသေဆုံး

**ဆောပိုလို ဇူလိုင် ၂**

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်းဒေး ဒိုဆိုလ်ပြည်နယ်၏ ၉၀ ရာခိုင်နှုန်းနီးပါး ရေကြီးမြေပြိုမှုများကြောင့် လူပေါင်း ၁၇၉ ဦး သေဆုံးခဲ့ပြီး ၃၃ ဦး ပျောက်ဆုံးခဲ့ကြောင်း ဒေသန္တရအရပ်ဘက်ကာကွယ်ရေးအေဂျင်စီက ဇူလိုင် ၁ ရက်က ပြောကြားလိုက်သည်။ ဧပြီ ၂၉ ရက်က စတင်ခဲ့သော မကြုံစဖူး ပြင်းထန်ဆိုးရွားသည့် ရာသီဥတု နေ့ရက်များကြောင့် လူဦးရေ ၂ ဒသမ ၃၉ သန်းကျော် ထိခိုက်ခဲ့ကြောင်း အဆိုပါ အေဂျင်စီ၏ နောက်ဆုံးအစီရင်ခံစာဖော်ပြချက်အရ သိရသည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် လူပေါင်း ၄၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။



ဇွန်လလယ်၌ ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားလာချိန်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အထူးသဖြင့် မကြာသေးမီက ရေကြီးမှုဖြစ်ပွားခဲ့သော ပေါ်တို အယ်လ်ဂျရေးမြို့ ရေနုတ်မြောင်းစနစ် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

ရီယိုဂရန်းဒေး ဒိုဆိုလ်ပြည်နယ် ပြန်လည်တည်ဆောက်ရန်အတွက် ဘရာဇီးအစိုးရသည် ရီယယ် ၈၅ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ)ကို လျာထားခဲ့ကြောင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအကြီးအကဲ ပေါ်လိုပိုင်မန်တာက ပြောကြားခဲ့သည်။

အာဂျင်တီးနားနှင့် ဥရုဂွေးနယ်စပ်တွင် တည်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအင်အားစုကြီးဖြစ်သည့် ရီယိုဂရန်းဒေးဒိုဆိုလ်ပြည်နယ်ရှိ ဒေသခံ ၈၉၀၀၀ နှင့် တိရစ္ဆာန် ၁၅၀၀၀ ကို တပ်မတော်သားများနှင့် အရပ်ဘက် စေတနာ့ဝန်ထမ်းများက ကူညီခဲ့ကြသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ လူအုပ် စုပြုံတိုးဝှေ့မှုကြောင့် လူပေါင်း ၈၀ ကျော် သေဆုံး

**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒက်ရှ်ပြည်နယ်၌ အင်္ဂါနေ့က ဘာသာရေးစုဝေးပွဲတစ်ခုတွင် လူအုပ် စုပြုံတိုးဝှေ့မှုဖြစ်ပွားရာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူပေါင်း ၈၀ ကျော် သေဆုံးပြီး အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

နယူးဒေလီမြို့၏ အရှေ့တောင်ဘက် ၂၄၁ ကီလိုမီတာခန့်အကွာ ဥတ္တရပရာဒက်ရှ်ပြည်နယ်၏ ဟာထရပ်စ်မြို့တွင် အဆိုပါ ဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လူအုပ် စုပြုံတိုးဝှေ့မှုကြောင့် လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသည့်အတွက် သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်းနှင့် အခင်းဖြစ်ပွားသည့်နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဆင်ဟွာ

## အမေရိကန်၊ ဗြိတိန်နှင့် အစ္စရေးတို့ပိုင်ဆိုင်သော ကုန်တင်သင်္ဘောလေးစင်း ဟူသီအဖွဲ့က ပစ်ခတ်တိုက်ခိုက်

**ဆာနား ဇူလိုင် ၂**

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့သည် တနင်္လာနေ့က အမေရိကန်၊ ဗြိတိန်နှင့် အစ္စရေးတို့ ပိုင်ဆိုင်သော ကုန်တင်သင်္ဘောလေးစင်းကို ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောသည်။

ပထမအကြိမ် ပစ်ခတ်မှုမှာ အာရေဗျပင်လယ်ရှိ အစ္စရေးသင်္ဘော MSC Unific ကို ပစ်မှတ်ထားကာ ခရုဇ်ဒုံးကျည် အများအပြားဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး တိတိကျကျ ထိမှန်ခဲ့ကြောင်း ဟူသီအဖွဲ့ ပြောရေးဆို ခွင့်ရှိသူ ယာယာဆာရီယာက ပြောသည်။

ဒုတိယအကြိမ် ပစ်ခတ်မှုမှာ ပင်လယ်နီရှိ အမေရိကန်ရေနံတင်သင်္ဘော Delonix ကို ပစ်မှတ်ထားကာ ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များဖြင့် ပစ်ခတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တတိယအကြိမ် ပစ်ခတ်မှုမှာ အိန္ဒိယသမုဒ္ဒရာရှိ ဗြိတိန်သင်္ဘော Anvil Point ကို ပစ်မှတ်ထားကာ ခရုဇ်ဒုံးကျည်အများအပြားဖြင့် ပစ်ခတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တိတိကျကျထိမှန်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စတုတ္ထအကြိမ် ပစ်ခတ်မှုမှာ မြေထဲပင်လယ်ရှိ Lucky Sailor သင်္ဘောကို ပစ်မှတ်ထားကာ ခရုဇ်ဒုံးကျည် အများအပြားဖြင့် ပစ်ခတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဂါဇာကမ်းမြောင်တွင် အစ္စရေးတပ်မတော်အနေဖြင့် ၎င်း၏ ထိုးစစ်ဆင်မှုများကို မရပ်တန့်သရွေ့ ထိုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

ပြီးခဲ့သည့် နိုဝင်ဘာလနောက်ပိုင်း ဟူသီအဖွဲ့သည် အစ္စရေးနှင့် ဆက်နွယ်သည့် သင်္ဘောများကို ဒရုန်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်လျက်ရှိသည်။ **ဆင်ဟွာ**

## အာဖဂန်အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကုလသမဂ္ဂတံခါးပိတ်ဆွေးနွေး

**နယူးယောက် ဇူလိုင် ၂**

ကုလသမဂ္ဂသည် အာဖဂန်နိုင်ငံအတွင်း အမျိုးသမီးများ၏ အခြေအနေကို ကြားနာရန် အင်္ဂါနေ့က တံခါးပိတ်ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကာတာနိုင်ငံ ဒိုဟာမြို့တွင် အာဖဂန်အမျိုးသမီးများ ပါဝင်တက်ရောက်ခြင်းမရှိသော အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂဦးဆောင်သည့် ညီလာခံအဆုံးသတ်ပြီးနောက် တစ်ရက်အကြာတွင် အဆိုပါဆွေးနွေးပွဲ ထွက်ပေါ်လာခြင်းဖြစ်သည်။

အာဖဂန်အမျိုးသမီးများနှင့် အရပ်ဘက်တက်ကြွလှုပ်ရှားသူများအပြင် အာဖဂန်ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များ ယင်းတံခါးပိတ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တာလီဘန်များသည် ၂၀၂၁ ခုနှစ်တွင် အာဏာပြန်လည်ရလာပြီးနောက် အမျိုးသမီးများ၏ အခွင့်အရေးများကို ပြင်းပြင်းထန်ထန် ကန့်သတ်ပိတ်ပင်ထားသည်။ တနင်္လာနေ့တွင် အဆုံးသတ်ခဲ့သော နှစ်ရက်ကြာ ကုလသမဂ္ဂညီလာခံသည် တာလီဘန်တာဝန်ရှိသူများ ပထမဆုံးအကြိမ် တက်ရောက်သော ညီလာခံလည်း ဖြစ်သည်။

သို့သော်လည်း တာလီဘန်တို့က ၎င်းတို့မှလွဲ၍ အခြားသော ကိုယ်စားလှယ်များကို ခွင့်ပြုရန် ငြင်းပယ်ထားသောကြောင့် အာဖဂန်အမျိုးသမီးများ ပါဝင်တက်ရောက်နိုင်ခြင်းမရှိခဲ့ပေ။ နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့အစည်းက ထိုကဲ့သို့ အာဖဂန်အမျိုးသမီးများ ချန်လှပ်မှုနှင့်ပတ်သက်ပြီး ဝေဖန်အပြစ်တင်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## ယခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၁၇ ဒသမ ၅ သန်းကျော် ဝင်ရောက်

**ဘန်ကောက် ဇူလိုင် ၂**

ထိုင်းနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း နိုင်ငံခြားခရီးသွား ၁၇ ဒသမ ၅ သန်းကျော် ဆွဲဆောင်နိုင်ခဲ့ကြောင်းနှင့် ယခင်နှစ်ကထက် ၃၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အင်္ဂါနေ့ကဖော်ပြသော အချက်အလက်များအရ သိရသည်။ ထိုင်းနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားများအနက် တရုတ်နိုင်ငံက ၃ ဒသမ ၄၃ သန်းဖြင့် အများဆုံးဖြစ်ကြောင်း၊ ယင်းနောက်တွင် မလေးရှားနိုင်ငံက ၂ ဒသမ ၄၃ သန်းနှင့် အိန္ဒိယနိုင်ငံက ၁ ဒသမ ၀၄ သန်းဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး ဖော်ပြလာခဲ့တာ အတော်ခရီးရောက်လာခဲ့ပါပြီ။ အပိုင်း(၁) ပြီးလို့ အပိုင်း(၂) တောင် ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အခုချိန်အထိ စောင့်မျှော်ဖတ်ရှုနေတဲ့ စာဖတ်ပရိသတ်တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Composition အပိုင်းကို ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Parents and Teacher–III" မိဘနဲ့ဆရာတွေ တွေ့ဆုံတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို Shortest way to talk about "Parents and Teachers–III" ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့သာမက နမူနာဝါကျတွေနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

Part –II Volume –1

**Composition**

What is composition?

ဝါကျဖွဲ့စည်းပုံဆိုတာ ဘာလဲ။

Composition is the arrangement of words in the formation of sentences in human speech.

ဝါကျဖွဲ့စည်းပုံဆိုတာကတော့ လူတွေရဲ့ပြောစကားတွေကို ဝါကျဖွဲ့စည်းဖော်ပြတဲ့နေရာမှာ ဆိုလိုတဲ့အဓိပ္ပာယ်ရောက်အောင် စကားလုံးတွေကို သူ့နေရာနဲ့သူ စနစ်တကျစီစဉ်ထားခြင်းပဲဖြစ်ပါတယ်။

What is a sentence?

ဝါကျဆိုတာဘာလဲ။

A sentence is the basic unit of speech made up of a subject and a predicate. The subject is the naming part – naming what you are speaking about, and the predicate is the telling part – telling what that subject is, or has, or does.

ဝါကျဆိုတာကတော့ ဆိုလိုတဲ့အဓိပ္ပာယ်ရောက်အောင် Subject နဲ့ Predicate တို့နဲ့ဖွဲ့စည်းထားတဲ့ အခြေခံစကားအစုအဝေးတစ်ခုပဲဖြစ်ပါတယ်။ Subject ဆိုတာကတော့ ဘယ်သူလဲ၊ ဘာအကြောင်းလဲဆိုပြီး ကိုယ်ပြောမယ့်အကြောင်းအရာကို အဓိက ဖော်ပြလိုက်တဲ့စကားလုံးဖြစ်ပြီး Predicate ဆိုတာကတော့ Subject ရဲ့ လှုပ်ရှားဆောင်ရွက်မှု သဘောသဘာဝနဲ့ သရုပ်သကန်ကို ဖော်ပြလိုက်တဲ့စကားလုံးပဲဖြစ်ပါတယ်။

**Study these statements:**

**အောက်ကနမူနာတွေကို လေ့လာကြည့်ရအောင်။**

Birds **are** in the tree.

ငှက်လေးတွေ သစ်ပင်မှာရှိတယ်။

John **is** my friend.

ဂျွန်က ကျွန်တော့်သူငယ်ချင်းဖြစ်တယ်။




Our classroom **has** six windows.

ကျွန်တော်တို့ စာသင်ခန်းမှာ ပြတင်းပေါက် ခြောက်ခုရှိတယ်။

Mary **has** a sister.

မယ်ရီမှာ ညီမ တစ်ယောက်ရှိတယ်။

The hot season **comes** in February.

နွေရာသီက ဖေဖော်ဝါရီလမှာ ရောက်လာတယ်။ (စတယ်)

The 9.30 train **leaves** from Platform No. 1.

၉ နာရီခွဲရထားက စင်္ကြံအမှတ် ၁ က ထွက်ခွာမယ်။

အပေါ်မှာဖော်ပြထားတာကတော့ အခြေခံဝါကျလေးတွေပဲဖြစ်ပါတယ်။ ဝါကျတစ်ကြောင်းချင်းစီမှာ Subject က အရင်လာပြီး သူ့နောက်မှာတော့ Predicate (ဝါစကလို့ခေါ်တဲ့ ကြိယာပုဒ်) လိုက်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။

These are basic sentences, in each, the subject comes first, and then the predicate (i.e. the verb and its extensions).

တကယ့်လက်တွေ့မှာကတော့ Subject က အရင်လာရင်လည်းလာမယ်။ မလာရင်လည်းမလာဘူး။ ကိုယ်ပြောချင်တဲ့အကြောင်းအရာပေါ် မူတည်ပြီး စကားလုံးတွေရဲ့အစီအစဉ်ကို ကိုယ်လိုအပ်သလို ပြောင်းလို့ ရပါတယ်။

In practical use, the subject may or may not come first, (i.e. the order of words may change as required.)

**Study these statements:**

**အောက်က နမူနာဝါကျတွေကို လေ့လာကြည့်ရအောင်။**

There **are** birds in the tree.

**Is** John your friend?

How many windows **has** your classroom?

**Has** Mary a sister?

In February **comes** the hot season.

From which platform **does** the 9.30 train leave?

ဒီနမူနာ ဝါကျတွေမှာတော့ လိုအပ်သလို စကားလုံးအစီအစဉ်တွေကို ပြောင်းထားတာတွေ့ရမှာဖြစ်ပါတယ်။

## VOCABULARY (IDIOM)

1. **all set** (အသင့်ဖြစ်သော)
   We are all set for the picnic in the park.
   ပန်းခြံမှာ ပျော်ပွဲစားထွက်ဖို့ အသင့်ဖြစ်နေပါပြီ။
2. **all right** (မှန်သော၊ ကောင်းသော၊ အဆင်ပြေသော)
   It will be all right to have a party on Friday.
   သောကြာနေ့ ပါတီပေးမယ်ဆိုတော့ ကောင်းပါတယ်။
3. **all over the place** (ပြန့်ကျဲနေသော)
   The children's toys were all over the palce.
   ကလေးကစားစရာတွေနဲ့ ပြန့်ကျဲနေတယ်။
4. **all over** (ပြီးဆုံးသည်။ နေရာတိုင်းတွင်)
   She shouted "The game is all over!"
   ပွဲပြီးပြီလို့ သူအော်တယ်။
   The news of the armistice spread all over the world.
   အပစ်အခတ်ရပ်စဲရေးသတင်းမှာ ကမ္ဘာအနှံ့ ပြန့်သွားသည်။
5. **all night long** (တစ်ညလုံး)
   The men worked steadily all night long.
   သူတို့ တစ်ညလုံး မှန်မှန် အလုပ်လုပ်ကြသည်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Parents and Teachers–III"

ဒီတစ်ပတ်မှာတော့ "Parents and Teachers" မိဘနဲ့ဆရာတွေ တွေ့ဆုံတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို **Shortest way to talk about "Parents and Teachers–III"** ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Parents and Teacher (III)**

**Thomas:** Hello?

**Mrs Brown:** Hello. Is this Mr. Thomas?

**Thomas:** Yes.

**Mrs Brown:** Hi. This is Mrs. Brown, Lindsay's mom. Is this a good time to chat?

**Thomas:** Sure! How can I help you?

**Mrs Brown:** Well, Lindsay appears to be very sad at home lately. She has no interest in school anymore, and I feel like she isn't making any progress in her classes. This isn't normal for her. ***She is usually a happy kid*** who has always enjoyed school, but not anymore.

**Thomas:** I'm sorry to hear that.

**Mrs Brown:** ***I was wondering if*** you have noticed any behaviour changes at school? Or any sudden changes in her school work?

**Thomas:** Yes. I noticed she had a tough time on her past few tests. She also seems a bit more reserved lately in class.

**Mrs Brown:** Yes. She is acting more reserved at home as well. ***She used to be more talkative*** and outgoing, but now she rarely talks to us, and she spends most of her time in her room. She won't say much, but she hints that she is getting bullied by a classmate. She mentioned that a girl named Kimberly has been making fun of her. Do you ever see Kimberly talking to her in class?

**Thomas:** She does sit near Kimberly in class. I haven't noticed them talking at all.

**Mrs Brown:** Apparently, Kimberly has been calling Lindsay names and making mean comments about the way Lindsay looks.

**Thomas:** ***I'm so sorry to hear that.***

**Language Focus**

1. I was wondering if Sub + Verb
   (သိချင်လိုက်တာ။)

ဒီပုံစံကတော့ ကိုယ်တစ်ခုခုကို သိချင်တဲ့အခါမှာ ပြောလေ့ရှိတဲ့ စကားပြောပုံစံတစ်မျိုးဖြစ်ပါတယ်။ ဒီမှာကတော့ သိချင်လိုက်တာ ဆိုတဲ့သဘောမျိုး သုံးထားတာပါ။ ဥပမာ –

– ***I was wondering if*** you have noticed any behaviour changes at school?

ကျောင်းမှာ (သူ့)အပြုအမူတစ်ခုခု ပြောင်းလဲသွားတာကို သတိပြုမိလားဆိုတာ ကျွန်မ သိချင်လိုက်တာ။

2. She is usually a happy kid
   (အမြဲပျော်ပျော်နေတတ်တဲ့ ကလေးတစ်ယောက်ပါ)
3. She used to be
   (အရင်က လုပ်ခဲ့ဖူးတယ်။ လုပ်လေ့ရှိခဲ့တယ်။ ဖြစ်လေ့ရှိခဲ့တယ်)

ဒါကတော့ အရင်တုန်းက လုပ်ခဲ့ပြီး အခုထပ်မလုပ်တော့တဲ့အခါ သုံးတဲ့ အသုံးတစ်မျိုးပါ။ ဥပမာ –

– ***She used to be more talkative*** and outgoing.

(အရင်တုန်းက သူစကားများပြီး ဖော်ရွေရွှင်ပျခဲ့တယ်။) အခုတော့ အဲလို မဟုတ်တော့ဘူး။

4. I'm so sorry to hear that
   (ကြားရတာ စိတ်မကောင်းပါဘူး။)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား ထက်ရန်နိုင်ကို ထောင်အာဏာပိုင်များက ရိုက်သတ်ဟု အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂**

"မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား ထက်ရန်နိုင်ကို ထောင်အာဏာပိုင်များက ရိုက်သတ်" ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဇွန် ၂၆ ရက်တွင် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

Khit Thit Media ၏ ဖော်ပြမှုသည် လွဲမှားနေပြီး အကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးရောင်းချ/သုံးစွဲခြင်းများ စစ်ဆေးတွေ့ရှိပါက ဥပဒေအတိုင်း တိကျစွာအရေးယူလျက်ရှိကြောင်း၊ အကျဉ်းထောင်အနေဖြင့် ရှောင်တခင်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ဖြစ်စဉ်အမှန်အား စိစစ်ရာတွင် အကျဉ်းသား ထက်ရန်နိုင်သည် အစ်ကိုဖြစ်သူ နှလုံးရောဂါဖြင့် သေဆုံးခဲ့သည့်အတွက် ပူဆွေးသောကစိတ်များဖြစ်လာပြီး ကောင်းစွာအိပ်စက်မှုမရှိခြင်းကြောင့် စိတ်အခြေနေပုံမှန်မဟုတ်ဘဲ စိတ်ကစဉ့်ကလျားဖြစ်နေသူဖြစ်ကာ ၎င်းသည် ဇွန် ၂၀ ရက်တွင် အကျဉ်းသား အောင်သူရလွင်အား အကြောင်းမဲ့လက်သီးဖြင့် နှစ်ချက် ထိုးကြိတ်ခဲ့သည့်အတွက် တာဝန်ခံအရာရှိ၏ ညွှန်ကြားချက်ဖြင့် စည်းကမ်းထိန်းသိမ်းရေးရုံးတွင် ဒေါက်ခြေချင်းခတ်ရန် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်နေစဉ် စည်းကမ်းထိန်းသိမ်းရေးရုံးသို့ အကျဉ်းသားများအား ဆေးခန်းပြသရန်အတွက် လာရောက်တင်ပြသည့် အကျဉ်းထောင်တပ်သား မြတ်မင်းသူအား စိတ်ဂနာမငြိမ်ဘဲ အော်ဟစ်ဆူပူဆဲဆိုခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ရင်ဘတ်အား ကန်ခြင်းများကို အကျဉ်းသား ထက်ရန်နိုင်က ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများနှင့် အကူအကျဉ်းသားများက ဝိုင်းဝန်းဖမ်းဆီးချုပ်နှောင်နေစဉ် အကျဉ်းသား ထက်ရန်နိုင်သည် အမျိုးသား အိပ်ဆောင်(၅)ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းသည် စိတ်ကစဉ့်ကလျားဖြင့် ထွက်ပြေးစဉ် ခေါင်းမီးတိုင်အား ဝင်ရောက်တိုက်မိခဲ့ခြင်း၊ ကွန်ကရစ်ထိုင်ခုံနှင့် အမှိုက်ကန်ပေါင်ကို တိုက်မိခြင်းတို့ကြောင့် သတိလစ်သွားခဲ့ပြီး အကျဉ်းထောင်ဆေးရုံအုပ်က ဦးခေါင်း ဝဲဘက်ဂျိုစောင်းအား လေးချက်ချုပ်ပေးခဲ့၍ ဆေးကုသမှုဆောင်ရွက်ပေးခဲ့ပါကြောင်း။

အကျဉ်းထောင်ဆေးရုံအုပ်၏ တင်ပြချက်အရ အကျဉ်းသား ထက်ရန်နိုင်သည် ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့် သတိကောင်းစွာမရသဖြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆက်လက်တင်ပို့ကုသပေးခဲ့ကြောင်း၊ အကျဉ်းသား ထက်ရန်နိုင်သည် ဇွန် ၂၁ ရက်တွင် ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့်မဟုတ်ဘဲ အဆုတ်နှင့်နှလုံးရပ်ခြင်းရောဂါဖြင့် သေဆုံးခဲ့ခြင်းသာဖြစ်ကြောင်း၊ သေဆုံးအကျဉ်းသား၏ မိသားစုထံ ဆက်သွယ်အကြောင်းကြားပြီး ဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည့်အတွက် Khit Thit Media ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

**ဝေဝေဖြိုး**

❑ *ကျောဖုံးမှ*

ငွေကျပ် ၉၀၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Hand Manual Hydraulic Stacker တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၈ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၄၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၃၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး ကျိုင်းတုံလမ်းမကြီးဘေး၌ စုပုံထားရှိသော အကောက်ခွန်မဲ့ပစ္စည်းများ ဖြစ်သည့် Total တံဆိပ်ပါ Rotary Hummer ၁၁ ခု အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၄၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၃၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၂၆၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၉၆၈)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဇူလိုင် ၁ ရက်တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၂၇ တန်၊ သစ်မာ ၂ ဒသမ ၀၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၅၃၆) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဝေါမြို့နယ် အဗျားငှက်ချေးဝင်းကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ (Denko) ဆီဆိုင်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Glory Deluxe ခြင်ထောင် ၃၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၃၂၅၀၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးနှင့် ကျွဲရေကုန်းရွာကြား၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် ပုစွန်လုံးပင်လယ်စာကီလိုဂရမ် ၁၀၀၀၀ နှင့် သက်တံလိပ်ကီလိုဂရမ် ၅၅၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Van တစ်စီးနှင့် Isuzu Forward Van Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၁၁၉၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၄၆၆၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ စက်မှုဇုန်ထုတ် TT Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၅၄၆၆၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထက်ကျွန်းအနောက်ဘက် ၁ ဒသမ ၅ မိုင်ခန့်အကွာ၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင်အခြားသစ် ၅ ဒသမ ၃၃၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၇၇၂၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၇၇၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၈ ရက်၊ ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်၊ ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၃၈၅၈၂၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အာရှဘောလုံးအဖွဲ့ချုပ်သည် ဒေသတွင်း အမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသမီးကလပ်ပြိုင်ပွဲကို အဆင့်တိုးမြှင့်ကျင်းပခြင်းဖြစ်ပြီး နောက်ဆုံးအဆင့်နှင့် ခြေစစ်ပွဲအဆင့်တွင် အသင်းစုစုပေါင်း ၂၀ ကျော်အထိ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ရှစ်သင်းမှာ တိုက်ရိုက်ကစားခွင့်ရရှိကာ ကျန်လေးနေရာကို ခြေစစ်ပွဲအောင်မြင်သည့်အသင်းများ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် အသင်း ၁၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအဆင့်တွင် မြန်မာအသင်းအပါအဝင် ထိုင်း၊ ဥဇဘက်ကစ္စတန်၊ အီရန်၊ အိန္ဒိယ၊ ဂျော်ဒန်၊ ဟောင်ကောင်၊ လာအို၊ မလေးရှား၊ နီပေါ၊ ယူအေအီး၊ စင်ကာပူ၊ ဘူတန်နှင့် ဆော်ဒီအာရေဗျကလပ်အသင်းများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂျပန်၊ မြောက်ကိုရီးယား၊ သြစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)ကလပ်အသင်းများမှာ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ခြေစစ်ပွဲများကို လေးသင်း နှစ်အုပ်စု၊ သုံးသင်း နှစ်အုပ်စုခွဲ၍ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးနေရာ တစ်သင်းစီ စုစုပေါင်း လေးသင်း ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။



အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုရာသီမှစတင်ကာ ကလပ်ပြိုင်ပွဲအရေးအတွက် တိုးမြှင့်ခဲ့သလို ကျင်းပသည့်ပုံစံများ ပြောင်းလဲခဲ့ပြီး အမျိုးသမီးကလပ်များအတွက် အဆင့်ပိုမိုမြင့်မားသည့် အာရှချန်ပီယံလိဂ်အမျိုးသမီးပြိုင်ပွဲကို ပထမဆုံး ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

❂ ကျောဖုံးမှ

ကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

ပေါ်တူဂီအသင်းသည် စလိုဗေးနီးယားအသင်းကို သာမန်ပွဲချိန်အတွင်းရော အချိန်ပို မိနစ် ၃၀ အတွင်းမှာပါ တစ်ဖတ်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း သွင်းဂိုးရယူနိုင်ခြင်း မရှိခဲ့ပေ။ ထို့ပြင် ပေါ်တူဂီအသင်းသည် ပွဲချိန် ၁၀၅ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ အသင်းအမိက တိုက်စစ်ကစားသမား စီရော်နယ်ဒို အဆုံးသတ်သွင်းယူခဲ့သော်လည်း စလိုဗေးနီးယားဂိုးသမား အော့ဘလက် လက်စွမ်းပြပုတ်ထုတ် ကာကွယ်နိုင်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် စလိုဗေးနီးယားအသင်းကစားသမားများ၏ ကန်သွင်းချက်များကို ပေါ်တူဂီဂိုးသမား ဒီယေဂိုကော်စတာ အထူးလက်စွမ်းပြကာကွယ်နိုင်ခဲ့သည့်အတွက် ပေါ်တူဂီအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဇူလိုင် ၆ ရက်၌ နာမည်ကြီးပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်းအဆင့်မှ ပြင်သစ်နှင့် ဘယ်လ်ဂျီယံအသင်းပွဲစဉ်ကို ဇူလိုင် ၁ ရက် ည ၁၀ နာရီခွဲက ဒတ်ဆဲလ်ဒေါ့ဖ်မြို့ ဒတ်ဆဲလ်ဒေါ့ဖ်အရီနာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် နိုင် ပွဲရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

# မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းစည်းဝေး



**မကွေး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ဆိုင်ရာ လုပ်ငန်း ကော်မတီဝင်များ ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ သဘာဝဘေး ဖြစ်ပေါ်လာပါက လုပ်ငန်းအဖွဲ့များအနေဖြင့် မိမိကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းအဖွဲ့ (၁၂) ရပ် အလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများအတွက် လူ၊ ပစ္စည်း ကြိုတင်စုဖွဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ မြေပြင် သတင်းအချက်အလက်များရယူခြင်းတွင် (ဘေးဖြစ်တတ်သည့် ဒေသများ၊ ရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများ၊ ရွှေ့ပြောင်းမှုအစီအစဉ်၊ ထောက်ပံ့မည့် အစီအစဉ်) သက်ဆိုင်ရာ ခရိုင်/မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့များ ဖွဲ့စည်းထားသော်လည်း လက်တွေ့ ဆောင်ရွက်ရာတွင် အားနည်းမှုများ တွေ့ရှိရသဖြင့် အဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်ကို ပီပြင်စွာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း။

ရေကြီးရေလျှံမှု ဖြစ်ပွားလေ့ရှိသည့် ဒေသများအနေဖြင့် လူ၊ တိရစ္ဆာန်များ ဘေးလွတ်ရာ ရွှေ့ပြောင်းရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် ရွှေ့ပြောင်းရာတွင် လိုအပ်သည့် ယာဉ်များအား ကြိုတင်စီစဉ် စုဖွဲ့ထားခြင်း၊ အရေးပေါ်လိုအပ်သည့် ရိက္ခာများ စုဆောင်းခြင်းတို့ကို မြေပြင်နှင့်ကိုက်ညီသည့် စီမံချက်ပြုစု၍ အမြန်ဆုံး ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီများ ပေါင်းစပ်၍ စနစ်တကျ စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုအဖွဲ့နှင့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်ထားရှိသည့် အစီအမံများကို လုပ်ငန်းကော်မတီများက ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီ ဝင်များက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြောင်း သိရသည်။ **မောင်ညီညာ**

## ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ **ဧရာဝတီမြစ်**ရေသည် ကသာမြို့တွင် ယင်းမြို့ ၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့် (၁၀၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ **ချင်းတွင်းမြစ်ရေ**သည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၈၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရှစ်ပေခွဲခန့် (၂၆၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ **နန့်ယင်းချောင်းရေ**သည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၂၃ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါ ချောင်းရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**နန့်ကောင်းချောင်းရေ**သည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ကသာမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊
- (ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊
- (ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊
- (ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊
- (င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊
- (စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊
- (ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊
- (ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊
- (ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊
- (ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊
- (င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊
- (ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊
- (ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊
- (ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊
- (င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊
- (စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊
- (ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊
- (ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
- (ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
- (ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊
- (ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
- (င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။
- (စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊
- (ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
- (ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
- (ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**ထားဝယ် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက်က ပြုလုပ်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက ကော်မတီအနေဖြင့် ဒေသတွင်း ခရီးစဉ်နေရာအသီးသီးတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်ခဲ့သည်မှာ (၁၄)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ဟိုတယ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်တည်ဆောက်ခွင့်ပြု ၁၂ ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် ၁၄ ခု၊ အဆင့်မြင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အသစ် သုံးခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အသစ် ၂၄ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်အသစ် နှစ်ခု၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၅၅ ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်း ၃၆ ခု၊ အဆင့်မြင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်းအတွက် ခွင့်ပြုခြောက်ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း ၃၀၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်သက်တမ်းတိုးခြင်း ၈၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဟိုတယ်လုပ်ငန်းများကို တစ်လတစ်ကြိမ် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကော့သောင်း၌ ကျင်းပခဲ့သည့် လှေပြိုင်ပွဲများ၊ ခရီးသွားပွဲတော်နှင့်ပတ်သက်၍ နိုင်ငံတော်က စိတ်ဝင်စားမှုရှိခဲ့ပြီး လာမည့်နှစ်တွင် ကျွန်းများ၌ ပြုလုပ်ရန် လျာထားကြောင်း၊ ယခုလမှစ၍ ကြိုတင်ပြင်ဆင်ထားရှိမည်ဆိုပါက ခရီးသွားရာသီတွင် အောင်မြင်မည်ဖြစ်သည့်အတွက် လိုအပ်သော ပြင်ဆင်မှုများ၊ ဝန်ထမ်းစုဆောင်မှုများ၊ အခန်းပြင်ဆင်မှုများ၊ ခရီးစဉ်ရေးဆွဲခြင်းနှင့် တစ်ဖက်နိုင်ငံနှင့် ချိတ်ဆက်ပြီး ခရီးသည်များ လာရောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီများအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းများ၊ ပင်လယ်ကမ်းရိုးတန်းများ၊ ခရီးသွားလုပ်ငန်းများရှိသည့်အပြင် တစ်ဖက်နိုင်ငံနှင့် နီးစပ်သည့်အတွက် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် ကော်မတီအတွင်းရေးမှူးတို့က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကော်မတီမှဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အကြို ဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့(ICA DAY)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကြို ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ဈေးရောင်းပွဲတော်ကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိဧည့်သည်တော်များက တိုင်းဒေသကြီးအတွင်းရှိ ဆိုင်ခန်း ၄၀ ခန့် ပြသရောင်းချသော သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများအပြင် ဒေသအသီးသီးမှ ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**မြန်မာ့အလင်း**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် Mobile Journalism သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည့် Mobile Journalism သင်တန်းဆင်းပွဲကို နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Conference Room ၌ ဇူလိုင် ၁ ရက်က ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အဖွဲ့လေးဖွဲ့၏ Plan Story သတင်းများ ရှင်းလင်းတင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များနှင့် အဖွဲ့လိုက် ထူးချွန်ဆုများကို ချီးမြှင့်ပြီး သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ သင်တန်းတွင် သတင်းရေးသားနည်း၊ သတင်းအတတ်ပညာ၊ အင်တာဗျူးဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ သတင်းသမားများ လိုက်နာရန် အခြေခံအချက်များ၊ သတင်းထောက်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ ပေးပို့ခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်းများကို ပြင်ပမှ ပညာရှင်များနှင့် ဌာနရှိ အတွေ့အကြုံရင့် သင်တန်းနည်းပြများက ရုပ်မြင်သံကြားနှင့် ရေဒီယိုဌာနခွဲမှ သင်တန်းသား ၂၀ အား ဇွန် ၅ ရက်မှ ဇူလိုင် ၁ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဆွေးနွေးဟောပြော

**ရန်ကုန် ဇူလိုင် ၂**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်)နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန် ၂၈ ရက်က ခရိုင် (ပြန်/ဆက်)ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မေးမြန်းဆွေးနွေးသူများအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က ဆောင်ရွက်၍ ဖြေကြားသူအဖြစ် အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် ဇွန် ၂၆ ရက်ကို စတင်သတ်မှတ်ခဲ့ပုံ၊ နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ပေးပို့ခဲ့သော ၂၀၂၄ ခုနှစ် သဝဏ်လွှာတွင် ပါရှိသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) များအကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးများအကြောင်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ကုသရေး ဆောင်ရွက်ချက်များနှင့် တိုက်ဖျက်ရေးနေ့တွင် ဖမ်းဆီးမိသော ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ပုံများအကြောင်းကို ဆွေးနွေးဟောပြောသည်။

အဆိုပါ ဆွေးနွေးဟောပြောချက်များကို အင်းစိန်ခရိုင် ပြန်/ဆက်ဦးစီးဌာန၏ အွန်လိုင်းမီဒီယာတွင်လည်း အများပြည်သူ ကြည့်ရှုနားထောင်နိုင်ရန် ထုတ်လွှင့်ပေးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြိတ်မြို့၌ ဧည့်မထ(ဇီယာ)ဆန်ကို ဆန်ဆိုင် ၃၂ ဆိုင်တွင် သက်သာသောဈေးနှုန်းဖြင့် စတင်ရောင်းချ

**မြိတ် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြိတ်ခရိုင် ဆန်ကုန်သည်များအသင်းတို့ ပူးပေါင်း၍ သက်သာသော ဈေးနှုန်းဖြင့် ဆန်ဆိုင် ၃၂ ဆိုင်မှ စားသုံးသူ ပြည်သူများအား ဧည့်မထ (ဇီယာ) ဆန်တစ်ပြည်လျှင် ကျပ် ၃၄၀၀ နှုန်းဖြင့် ဇူလိုင် ၁ ရက် နံနက်ပိုင်းမှ စတင်ရောင်းချပေးလျက်ရှိသည်။

ပြည်သူများအား ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်စေရန်အတွက် ဆန်ကုန်သည်များအား စည်းရုံး၍ လက်ကားဆန်အရောင်းဆိုင် ၃၂ ဆိုင်တွင် တစ်ပတ်လျှင် ငါးရက်နှုန်းဖြင့် စတင် ရောင်းချပေးခြင်းဖြစ်ပြီး ကျန်ရှိသည့် ဆန်ဆိုင်များတွင်လည်း ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွေးဝေက ပြောသည်။

ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဧည့်မထ (ဇီယာ) ဆန်ကို တစ်ပြည်ချင်းအလိုက် ဆန်ဆိုင်များမှ ရောင်းချပေးနေမှုကို မြိတ်ခရိုင် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအဖွဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ ဆန်ကုန်သည်များအနေဖြင့် ဆန်ဝယ်ယူနေသည့် ဒေသများမှ ဆန်များကို ရည်ညွှန်းဈေးနှင့် ဝယ်ယူလာနိုင်ပါက မြိတ်မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများအား ယခုထက် ပိုမိုသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



ပြည်သူများအား ဆန်များရောင်းချပေးစဉ်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော South–East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ရေလမ်းကြောင်းတူးဖော်ခြင်းလုပ်ငန်းများ (Dredging) ပြုလုပ်မည့် Coordinate များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) ရေလမ်းကြောင်းတူးဖော်မည့် area coordinate များ –

| Point | Latitude | Longitude |
|---|---|---|
| A | 19 ° 26' 43.57 " N | 93 ° 33' 15.43 " E |
| B | 19 ° 26' 22.71 " N | 93 ° 34' 42.43 " E |
| C | 19 ° 26' 15.48 " N | 93 ° 35' 03.12 " E |
| D | 19 ° 26' 27.70 " N | 93 ° 35' 06.38 " E |
| E | 19 ° 26' 53.67 " N | 93 ° 33' 18.12 " E |

(ခ) ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များ

| Point | Latitude | Longitude |
|---|---|---|
| NO. 1 | 19 ° 25' 21.2040 " N | 93 ° 37' 05.7420 " E |
| NO. 2 | 19 ° 23' 45.4641 " N | 93 ° 39' 10.7779 " E |
| NO. 3 | 19 ° 23' 43.9506 " N | 93 ° 39' 36.6783 " E |
| NO. 4 | 19 ° 23' 43.8978 " N | 93 ° 39' 58.6483 " E |

(ဂ) အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ

လျာထားနေရာ(၁) –

| Point | Latitude | Longitude |
|---|---|---|
| A | 19 ° 25' 08.8180 " N | 93 ° 34' 40.8381 " E |
| B | 19 ° 25' 03.1834 " N | 93 ° 34' 39.6329 " E |
| C | 19 ° 24' 55.1601 " N | 93 ° 35' 09.1561 " E |
| D | 19 ° 25' 07.4005 " N | 93 ° 35' 09.0128 " E |

(ဃ) အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ

လျာထားနေရာ(၂) –

| Point | Latitude | Longitude |
|---|---|---|
| A | 19 ° 24' 58.9947 " N | 93 ° 35' 14.7660 " E |
| B | 19 ° 24' 52.8627 " N | 93 ° 35' 14.8818 " E |
| C | 19 ° 24' 54.2140 " N | 93 ° 35' 31.6016 " E |
| D | 19 ° 24' 59.0975 " N | 93 ° 35' 31.4619 " E |

(င) မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များ –

| Point | Latitude | Longitude |
|---|---|---|
| Center Point | 19 ° 32' 49.79 " N | 93 ° 24' 51.39 " E |

၃။ သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅၀ မီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။

စွမ်းအင်ဝန်ကြီးဌာန



## မိုးနဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်သမဝါယမအသင်းများသို့ သွင်းအားစုများထောက်ပံ့

**မိုးနဲ ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသင်းအချင်းချင်းပံ့ပိုးငွေနှင့် မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းများသို့ သွင်းအားစုမြေဩဇာထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက်က မိုးနဲမြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြင့်မြင့်ကြည်က သွင်းအားစုထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်း သုံးသင်းမှ အသင်းသားတောင်သူ ၆၀၏ မိုးစပါးစိုက်ပျိုးဧက ၃၀၀ အတွက် ပုလဲဓာတ်မြေဩဇာအိတ် ၃၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၃၀၀နှင့် ဇီဝသဘာဝမြေဩဇာ အိတ် ၁၀၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၀၀ ကို ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဒေါ်စိန်မြက အသင်းသားတောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းများဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်မှစ၍ အရာရှိလောင်း ဒီပလိုမာသင်တန်းများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နှစ်နှစ်ကြာတက်ရောက်ရမည့် သင်တန်း၌ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း (CD/52)၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်းသင်တန်း (CE/50) နှင့် ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း (CME/05) တို့ဖြစ်သည်။




သင်တန်းများ ပြီးဆုံးပါက ပေးအပ်မည့်ဒီပလိုမာဘွဲ့များမှာ ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)၊ ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology)၊ ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology) တို့ဖြစ်သည်။ လျှောက်ထားလိုသူများအနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၂၁) နှစ်အထက် မကျော်လွန်သူဖြစ်ရမည်ဖြစ်ကာ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်းသင်တန်းများအတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ ပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် အနည်းဆုံး ၄၀၀ ရှိရမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်းသင်တန်း အတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ ပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် အနည်းဆုံး ၃၉၀ ရှိရမည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစပြီး ဩဂုတ် ၃၀ ရက်အထိ ကျောင်းတွင် သွားရောက်လျှောက်ထားနိုင်သည်။ ဖွင့်လှစ်သင်ကြားပေးမည့် အရာရှိ ဒီပလိုမာသင်တန်းများတွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအတွက် ၁၃၀၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း ၁၃၀နှင့် ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်းသင်တန်းအတွက် ၄၀တို့ အသီးသီး လက်ခံသွားမည်ဖြစ်သည်။

ဘုရင့်နောင်လမ်းမ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ကာ အသေးစိတ်အချက်အလက်များကို မော်ကွန်းထိန်းရုံး၊ သင်တန်းဌာနများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် Website www.mmmc .edu.mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်–MMMC Facebook Page တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

TWA

## ဘားအံမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း (လီမိတက်)၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဘားအံမြို့ အ.ထ.က(၁) မြသံလွင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သမဝါယမအသင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ပြောကြားသည်။ ဆက်လက်ပြီး ဘဏ္ဍာရေး ရှင်းတမ်းများ၊ အသင်းသား စာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်အစီရင်ခံစာများ ဖတ်ကြားပြီးနောက် လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်သည်။

အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ အသင်းသား ကိုယ်စားလှယ် ၂၁၀ တက်ရောက်ပြီး တက်ရောက်လာသည့် အသင်းသား ကိုယ်စားလှယ်များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ပြီး အစုပြည့်အသင်းသားများအား အစုပေါ်အမြတ်ငွေကျပ် ၁၈၈၀၀၀၀၊ မြေပဲဆီသန့်၄၇ပိဿာ၊ ပေါ်ဆန်းမွှေးဆန်ချော တစ်ပြည်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် တစ်ဦးလျှင် ခြောက်ပြည် ရောင်းချပေးစဉ်။ အာကာစိုး

# အခွန်ထမ်းပြည်သူများအတွက် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးနှင့် ညီညွတ်မျှတသော အခွန်အခများရရှိရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဇူလိုင် ၂**

မွန်ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။(ဓာတ်ပုံ)



ဦးစွာ မွန်ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် နိုင်ငံတော်စီးပွားရေး တိုးတက်ရေးအတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝကောက်ခံရရှိရေး၊ အခွန်ထမ်း ပြည်သူများအတွက် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးနှင့် ညီညွတ်မျှတသော အခွန်အခများရရှိရေး အထူးအလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်နယ်အတွင်း ဝန်ဆောင်မှုလုပ်ငန်း ငါးမျိုးမှ ကောက်ခံရမည့် အခွန်များကို တိုးတက်ရရှိရေး ဆောင်ရွက်ရန်၊ အခွန်တိုးချဲ့ကောက်ခံရရှိနိုင်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အခွန်ထမ်းများ တာဝန်သိသိ လိုလားစွာဖြင့် အခွန်ထမ်းဆောင်လာစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ ရသင့်ရထိုက်သည့် အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိရေး၊ လုပ်ငန်းတာဝန်ကို အသုံးပြု၍ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးတို့ကို အထူးကြပ်မတ် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက ပြည်နယ်အတွင်း အခွန်လျာထားချက်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေးနှင့် အခွန်ပိုမို တိုးတက်ရရှိရေး ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ပြည်နယ်ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်)၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(မွန်ပြည်နယ်)နှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက အခွန်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲကို တက်ရောက်၍ အမှာစကား ပြောကြားပြီး EXIM Bank ချေးငွေကျန်များအတွက်Exchange Loss နှင့် "ပေးသွင်းရမည့် ငွေများ တာဝန်ကျေပေးသွင်းပြီး"ဖြစ်သည့် မော်လမြိုင်မြို့နယ် သမဝါယမ အသင်းစုအား ဂုဏ်ပြုဆုနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်ချီးမြှင့်သည့် "စီမံခန့်ခွဲရေး ထူးချွန်မှု ဂုဏ်ထူးဆောင်ဆု" ရရှိခဲ့သည့် ပြည်နယ်သမဝါယမ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးအား ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ဝန်ထမ်းသား သမီးများအားလည်းကောင်း၊ စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်းအမှတ်စဉ် (၉၂) တွင် "သေနတ်ပစ်ထူးချွန်ဆုနှင့် စစ်ရေးပြထူးချွန်ဆု" ဆု နှစ်ဆုရရှိခဲ့သည့် ဌာနခွဲစာရေးဝန်ထမ်းကို လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် (ဖောင်ကြီး) တွင် ထူးချွန်ဆုရရှိကြသူများကို လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မွန်ပြည်နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌက သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ အသင်းစုချုပ်အမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား ဆန်၊ ဆီ၊ စားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂-၇-၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၅၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရေဝတီမြစ်ရေ မြစ်ကြီးနားမြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၃၅ စင်တီမီတာ)သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ **မိုး/ဇလ**

## နတ်မောက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်

**နတ်မောက် ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲကိုဇူလိုင်၁ရက်ကအိုင်ဇောက်ကျေးရွာရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက အမှာစကားပြောကြားပြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြများက ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပြုပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။ သင်တန်းတွင် အိုင်ဇောက်ကျေးရွာမှ သင်တန်းသား ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့(အခမဲ့) သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**



(၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မြမျိုးသန့်မျိုးစေ့ထုတ် သမဝါယမအသင်းအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ စုဆောင်းငွေအပေါ် အတိုးနှင့်အသင်းသားထောက်ပံ့ခြင်းကို ဇူလိုင် ၂ ရက်က သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်က အမှာစကားပြောကြားပြီး ကျေးရွာ ရှစ်ရွာရှိ အသင်းသား ၃၃ ဦးအား မျိုးသန့်မိုးစပါးစိုက်ဧက ၁၆၉ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ထုတ်ပေးခြင်းနှင့် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၅၀၃၀၀၀ ပေးပြီး အသင်းသားထောက်ပံ့ ငွေကျပ် ၁၆၉၉၀၀၀ ထောက်ပံ့ပေးအပ်စဉ်။ ဝေဝေမြင့်(မြောင်းမြ)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၂၆၅ | ၁၁၂၆၃၅၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၁၂၈၈၉ | ၄၂၉၉၃၆၀၀ |
| MCB | ၈၃၀၀ | ၈၂၀၀ | ၁၅၃ | ၁၂၆၄၉၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၂၂၂၇ | ၃၇၈၆၄၀၀ |
| TMH | ၂၈၅၀ | ၂၇၅၀ | ၃၂၃ | ၈၉၁၁၅၀ |
| EFR | ၁၈၅၀ | ၁၉၀၀ | ၃၉၅ | ၇၄၄၅၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၅၉ | ၂၇၇၃၀၀ |
| MAEPC | ၃၄၅၀ | ၃၇၅၀ | ၁၁၆၇ | ၄၂၈၂၄၅၀ |

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ဖြူတိန်း ရေနံခါတ် ငွေ့ရည်ကို အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ရေနံခါတ်ငွေ့ရည်လုပ်ငန်း) Type-A, B, C, D, F လက်ဝယ်ရှိသူများ မြန်မာ့ ရေနံဓာတုဗေဒလုပ်ငန်းရုံးချုပ်၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဖြူတိန်း | ၁၀၀ | ၁၆-၇-၂၀၂၄ | ၁၂:၀၀ | ၁၆-၇-၂၀၂၄ | ၁၄:၀၀ |
| ၂ | ဖြူတိန်း | ၁၀၀ | ၁၅-၈-၂၀၂၄ | ၁၂:၀၀ | ၁၅-၈-၂၀၂၄ | ၁၄:၀၀ |
| ၃ | ဖြူတိန်း | ၁၀၀ | ၁၇-၉-၂၀၂၄ | ၁၂:၀၀ | ၁၇-၉-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄၊ ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၁၃၂)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒေါ်ဝတ်ရည်လွင်(ဘ)ဦးမိုးဟိန်း ၉/လဝန(နိုင်)၁၅၁၉၅၈ အမည်ပေါက် နှစ် ၃၀ မြေငှား စာချုပ်မြေကွက်ကို ဒေါ်ဝတ်ရည်လွင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲအပ်စာအမှတ် (၁၄၆၇/၂၀၂၀)၊ (၂၄-၈-၂၀၂၀)ရရှိထားသူ ဦးဆွေဟိန်းဆက် (ဘ) ဦးမိုးဟိန်း ၁၄/မအန(နိုင်)၁၈၇၅၈၂မှ ဦးသီဟန်ထွန်း (ဘ)ဦးမြင့်အောင် ၇/ရတရ(နိုင်)၁၁၁၅၃၉နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ဖြိုးနိုင် ၁၃/တကန(နိုင်)၂၉၆၁၂၈၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

